
မိတ်ကူးချိုချိုအနုပညာ

# ပီ - မိုးနှင်း


## တစ်နိုင်ငံမြိုင်ယံခြား
## ဖုန်းမေ့လေသလား

ဝတ္ထုရှည်နှစ်ပုဒ်



mgyoe.com

mgyee.com



# ပီ-မိုးနှင်း

တစ်နိုင်ငံမြိုင်ယံခြား
ဖုန်းမေ့လေသလား

pmn0044
1500.00 Ks
mgyee.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - အောင်ကျော်
၂၀၁၄၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

၈၉၈·၈၃

တစ်နိုင်ငံပြိုင်ယံခြား ပုန်းမေ့လေသလား
ပီ-မိုးနှင်း - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၇၆၊ မျက်နှာ၊ ၁၂·၅ စင်တီ x ၁၈·၅ စင်တီ
(၁) တစ်နိုင်ငံပြိုင်ယံခြား ပုန်းမေ့လေသလား

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တစ်နိုင်ငံမြို့ပြင်ယံခြား
# ဖုန်းမေ့လေသလား
# ပီ–မိုးနှင်း

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ တစ်နိုင်ငံမြိုင်ယံခြား ၁

၂။ ဖုန်းမေ့လေသလား ၁၁၃


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း [ ၁ ]

ငါသည် ကျွန်ပညာကို ဆက်လက်၍ မသင်လို။ ငါ၏ ဆရာသည် ငါ့အား သူ့ထံမှ လက်မှတ်မရလျှင် တစ်သက်လုံး လူမွေးပေါက်တော့မည်မဟုတ်ဟု မှတ်ထင်ပြီး ငါ့အား မတရားပြု၏။ ဘယ်အတွက်သည်ကျောင်းမှာ နေရမလဲ။ ငါ အခု ၇ တန်းအောင်ပြီး အင်္ဂလိပ်ဝတ္ထုစာအုပ်များစွာတို့ကို ဖတ်ရသည့်အတွက် ၁၀ တန်း၊ ၁၁ တန်းလောက် တတ်သည်ဟု အများသူငယ်ချင်းတို့က ပြောကြ၏။ ငါ၏ မိဘများသည်ကား ငါ့ကို လခစား မင်းမှုထမ်းဖြစ်စေဖို့ရန် ရည်ရွယ်၏။ ယခုမှာ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပညာကို သင်ရ၏။ ထိုပညာကိုဆုံးခန်းတိုင်ဆက်လက်၍ သင်ရလျှင် ငွေ ဘယ်နှစ်ထောင် ထပ်မံ၍ ကုန်ဦးမည်ကို မသိရချေ။ ငွေကုန် အချိန်ကုန်ခံ၍ သင်ပြီးသည့်နောက် ၉ နာရီမှ အလုပ်ကို စ၍ဝင်ပြီး ညနေ ၅ နာရီတိုင် အလုပ်ကို ငြိုငြင်စွာ လုပ်ရသော စာရေးအလုပ်ကို ငါ မလုပ်လို။

mgyoe.com

mgyoe.com



စာရေးအလုပ်သည် ထမင်းမဝ။ လောက၌ အသက်ကတိုလှသဖြင့် ကိုယ်စိတ် ၂ ပါး အေးချမ်းစွာနဲ့ ငွေကြေးရဖို့ ကိုယ်ပိုင်အလုပ်တစ်ခုခုကို လုပ်ရခြင်းသည်သာလျှင် အမွန်မြတ်ဆုံး ဖြစ်၏။ လခစားကျေးကျွန် လုပ်ရသူတို့မှာ ထမင်းမဝသော လစာဖြင့် ကံရော၊ ဉာဏ်ရော တစ်ပါးသူအား ရောင်းစားရသကဲ့သို့ ဖြစ်၏။ အဝတ်အစားသားနားစွာနှင့် ဝတ်စားသွားလာသော စာရေးစာချီတို့ကို မြင်ရသောသူတို့၏ စိတ်၌ စာရေးစာချီ လုပ်ရခြင်းဟာ လွန်စွာမှ မွန်မြတ်သည်ဟု မှတ်ထင်ကြရ၏။ အလုပ်ခွင်၌ လူမျိုးကွဲတို့ အောက်မှာ အဘယ်မျှလောက် ငြိုငြင်ဆင်းရဲခြင်းဖြစ်ရသည်ကိုကား မတွေးမတောကြချေ။ ကျောင်း၌ သင်ရသော ပညာသည် လူတို့၏ ဂုဏ်အင်္ဂါမျှသာ ဖြစ်၏။ အသက်မွေးမှုပညာ မဟုတ်ချေ။ "အသက်မွေးမှုတစ်ခု၊ မှည်ာကိုယ်စီပါ" ဆိုတဲ့စကားလို ပညာကို ရှာမှတော်မည်။ ငါ၏ မိဘများသည်ကား ငါ့ကို အခွင့်ပြုမည် မဟုတ်။ အောက်ကျ နောက်ကျ အလုပ်မျိုးကိုလုပ်ရအောင်သာလျှင် ကြံစည်၍ နေကြ၏။ ငါသည် အိမ်ကို မပြန်လို။ ဤစာအုပ်တို့ကို ငါ အလိုမရှိ။ ညဈေးရှိ စာအုပ်အဟောင်းဆိုင်တစ်ဆိုင်ကိုသွားပြီး ရောင်းရလျှင် တော်ချေမည်။ ဘီ– အေ အောင်တိုင်း အစိုးရက ဝလင်အောင် ကျွေးနိုင်မည်မဟုတ်။ ဘီ–အေ တွေ အလုပ်မရလို့ ဒုက္ခတွေ များနေသည်မှာ ငါ မျက်မြင်ဖြစ်၏။ ဘုရားကုန်းတော်ပေါ်က ဗေဒင်ဆရာလောက်မှ ငွေကြေးဖို့ လမ်းမရှိတဲ့ ဘီ–အေကို ရောက်အောင် ငါ မသင်လို။ အမဲရိုးကို ခွေးအုံသလို အလုပ်ကလေး တစ်လုပ်ခေါ်လျှင် ဘီ–အေတွေ အုံရတဲ့ ခေတ်အခါဟာ မကြာမီ ဆိုက်ရောက်၍လာမှဖြင့် ဝကျ၍ နေတော့မည်။ စောစောစီးစီး ငွေရ၊ စောစောစီးစီး ဒါနပြု၊ အိမ်ထောင်မှုကလည်း လိုသေးသည်။ ဘယ်နည်းနှင့် ကြံစည်၍ ဘယ်ဆီကို သွားရမည်နည်း စသည်ဖြင့်

mgyoe.com

mgyoe.com

တွေးတောကာ မောင်ဘစောသည် ကျောင်းကအပြန် ကာလကတ္တား ဈေး စာအုပ်ဆိုင်တစ်ဆိုင်သို့ သွားရောက် စာအုပ်များကို ရောင်းချ ငွေစကလေး အနည်းငယ်မျှနှင့် စိန်ဇာရံ လက်စွပ်ရောင်း၍ ရသော ငွေ ၂၀၀ ကျော်ကျော်လောက်ကို မပျောက်အောင် အိတ်ထဲ၌ တွယ် ချိတ်နှင့် ထိုးပြီးလျှင် သူတော်ကောင်း သမာဒေဝနတ်များအား လမ်း ကောင်းကို ပြဖို့ရန် တိုင်တည်ပြီး ကြံ့ရာရထားနှင့် လိုက်မည်ဟု မီးရထားရုံသို့ သွားရှာလေသတည်း။

ထို့ဖြစ်သောကြောင့် အထက်ချင်းတွင်း ကင်းတပ်ခေါ်သော မြို့၌ လက်ဖက်ပွဲစား ဦးကံကြီးဆိုသူ၏ အိမ်တွင် ယောကျ်ားပျိုကလေးတစ် ယောက်ရောက်၍ နေလေ၏။

mgyoe.com

mgyoe.com

# အခန်း [ ၂ ]

နောက်တစ်နေ့ နံနက် ဦးကံကြီးနှင့် သေချာစွာ စကားပြောရလေ၏။

ကံ ။ ။ "မောင်ရင် ယခု ဘကြီးတို့၏ အိမ်က ဘယ်ကို သွားမလဲ"

စော ။ ။ "ကျွန်တော် မပြောတတ်သေးပါဘူး ဦးရဲ့"

ကံ ။ ။ "မောင်ပြောတတ်သည်တိုင်အောင် ဦးတို့က လက်ခံထားရမလား။ မင်း ဝရမ်းပြေးလား၊ ကျောင်းပြေးလားဆိုတာ ဦးတို့ မသိရဘူး မောင်ရဲ့"

စော ။ ။ "ကျွန်တော် ဝရမ်းပြေး မဟုတ်ပါဘူး ဦးရဲ့"

ကံ ။ ။ "သည်လိုဖြင့် ကျောင်းပြေးလား"

စော ။ ။ "ကျွန်တော် အသက်မွေးမှုပညာကို ရှာဖို့လာပါတယ်"

ကံ ။ ။ "အသက်မွေးမှုပညာကို ရရင် ဘာလုပ်မလဲ၊ အသက်မွေးမှုပညာကို ရပြီး သေသွားရင် မင်း ဘယ့်နဲ့ အသက်

mgyoe.com

mgyoe.com

မွေးမလဲ။ အသက်မွေးမှုပညာကို ရှာမယ့်အစား ပညာရမှုဖြစ်တဲ့ အသက်ကို မွေးရတယ်။ အလုပ်လုပ်ဖို့ အတတ်ကိုရှာလို့ အတတ်မရဘူး။ အတတ်ကို ရအောင် အလုပ်လုပ်မှ အတတ်ပညာကို ရတယ်။ ကျောင်းက ထွက်ပြေးလာတယ်ဆိုတာ ပညာအတော် တတ်ပြီးလို့လား"

စော ။ ။ "ပညာတော့ လူတို့ သိရာ သိကြောင်းလောက် ပညာကို သင်ခဲ့ပါပြီ ဦးရဲ့"

ကံ ။ ။ "သည်လိုဖြင့် မင်းကို ဦးကြီးတို့ လင်မယားက ပလ္လင်ပေါ်မှာတင်ပြီး ပူဇော်ထားရမှာပေါ့။ သူတို့ သိရာသိကြောင်း ပညာဆိုတာ နိဗ္ဗာန်ရောက်ကြောင်း ပညာပဲ။ မောင်ရင် အရိယာထင်ပါရဲ့။ သို့သော် လူငယ်ဆိုတာ ကိုယ်သိတာထက် ပိုပြီး ပြောကြမြဲကိုး။ ခေတ်ကာလ သတင်းစာဆရာတွေလိုပေါ့လေနော်။ သည်လိုမှပဲ လူယုံတာပဲ။ မောင် မတတ်ဘူးဆိုတာကိုတော့ ဦးကြီး သိပါတယ်။ အဘယ်ကြောင့်လဲဆိုတော့ မောင်ရင်ထက် မိုက်တဲ့လူဟာ ကမ္ဘာပေါ်မှာ မရှိဘူး။ ဘယ်အတွက်လဲလို့ မောင်ရင်က ဦးကြီးကို မေးစမ်းလေ။ ကိုင်း မေးလေကွဲ့။ ပါးစပ်ဆိုတာ မေးစေ့ပေါ်မှာနေတာ။ ဒီတော့ မေးပြီးစေ့နေတဲ့ လူရဲ့ ပါးစပ်ဟာ လူလိမ္မာ၏ ပါးစပ်ကွဲ့။ ပါးစပ်ဆိုတာ နှုတ်ခမ်းကို ဖုံးသကွဲ့။ သည်တော့ ပါးစပ်ဟာ စည်းစိမ်ကို နုတ်ဂြိ ခန်းအောင်လုပ်တတ်တယ်။ သို့ အတွက် ပါးစပ်ဆိုတာ အင်မတန်စောင့်စီးရတဲ့ အရာမျိုး ဖြစ်တယ်။ သို့သော် ဘကြီး အမေးခိုင်းသလို

mgyoe.com

mgyoe.com


မေးလိုက်စမ်းပါ"

စော ။ ။ "ဘယ်အတွက်လဲ ခင်ဗျား"

ကံ ။ ။ "ကမ္ဘာပေါ်မှာ အကောင်းဆုံးဖြစ်တဲ့ အဆွေခင်ပွန်းကို မင်းစွန့်ပြီး လာတာလား။ ဘယ်လို အဆွေခင်ပွန်းလဲလို့ မေးလိုက်စမ်းဦးကွယ့်။ အားမနာနဲ့။ ဘကြီးက ပြဿနာကို ကောက်ခါငင်ကာ ဖြေနိုင်တဲ့လူ။ ကိုင်း .... မေးလိုက်စမ်း"

စော ။ ။ "ဘယ်လို အဆွေခင်ပွန်းပါလဲ ဘကြီးရဲ့"

ကံ ။ ။ "မင်း မိဘဟာ ကမ္ဘာပေါ်မှာ မင်းအတွက် အကောင်းဆုံး၊ အချစ်ဆုံးဖြစ်တဲ့ အဆွေခင်ပွန်း မဟုတ်လား။ အဲသူတို့ကို ပစ်ပြီး ဘကြီးတို့ထံကို မောင် ရောက်လာခြင်းဟာ လူမိုက် မဟုတ်လား"

စော ။ ။ "မှန်ပါတယ် ဘကြီးရဲ့"

ကံ ။ ။ "မပလီနဲ့လေ။ ဘကြီး မှန်တယ်လို့ပြောပေမယ့် မောင့်ကို ဘကြီးက အလကား ထမင်းမကျွေးနိုင်ဘူး။ ဘကြီးတို့ကို မင်း မိဘများထက်ပိုပြီး ချစ်တယ်လို့ ပလီပလာ ပြောမယ် မကြံနဲ့နော်"

မောင်ဘစောသည် ဆိတ်စွာနေလျက် ထူးဆန်းသော ပွဲစားကြီး၏ စိတ်နေသဘောထားပုံကို အံ့ဩ၍ နေလေ၏။

ကံ ။ ။ "မင်း မိဘက မင်းကို ကျောင်းမှာ ထားတယ်။ ကျောင်းက ထွက်ပြေးပြီး အိမ်ကို မပြန်ဘဲ ကင်းတပ်မှာနေတဲ့ အဘိုးကြီးနဲ့ အမယ်ကြီးကို ဒုက္ခပေးရအောင် မင်းရောက်လာတာ ဘာကောင်းသလဲ။ လူလာသမျှကို လက်သင့်ခံပြီး သားလို သမီးလို ကျွေးမွေးထားတတ်တဲ့ ငမိုက်

mgyoe.com

mgyoe.com


ကြီးတစ်ယောက်နဲ့ ငမိုက်မကြီးတစ်ယောက် ကင်းတပ်မြို့မှာ အသင့်ရှိတယ်ဆိုတာ မင်းကို ဘယ်က ပြောလို့ စွတ်စွတ်ရွတ်ရွတ် ရောက်လာပါသလဲ"

စော ။ ။ "ကျွန်တော် ဦးကြီးတို့ အကြောင်းကို ဘာမျှ မကြားမသိရ၊ ခိုကိုးရာမဲ့လို့ ဦးတည်ရာလျှောက်ပြီး လာတာပါ"

ကံ ။ ။ "ကောင်းပြီ။ ဦးတည့်လို့ပဲ ရောက်ရောက်၊ ဦးမစောင်းလို့ပဲ ရောက်ရောက် မင်း ယခု ဘယ်ကိုမှ မသွားရဘူး။ လက်ဖက်ပွဲစားအလုပ်ကို မင်း လုပ်နိုင်ပါ့မလား"

စော ။ ။ "ကျွန်တော် လုပ်နိုင်မယ်လို့ဘော့ ထင်တာပဲ"

ကံ ။ ။ "သည်လိုဖြင့် မင်းလုပ်နိုင်မှာ မဟုတ်ဘူး။ မင်းတို့ကာလသားတွေဟာ တစ်ခုခုကို မလုပ်နိုင်ပြီးမှဖြင့် လုပ်နိုင်မယ်လို့ ထင်တတ်ကြတယ်။ သို့သော်လည်း မင်း လုပ်စမ်းကြည့်ရမယ်။ ငါတို့က မင်းကို အလကား ထမင်းမကျွေးနိုင်ဘူး"

ထိုနေ့မှစ၍ မောင်ဘစောသည် လက်ဖက်ပွဲစား ဦးကံကြီး၏ စေခိုင်းခြင်းကို ခံ၍နေလေရာ မောင်ဘစော၏ အလုပ်များကို အလွန်တရာ သဘောကျလေ၏။

မောင်ဘစောသည် လက်ဖက်ပွဲစားကြီး ဦးကံကြီး၏ ပြောဆိုဆုံးမခြင်းများကို နာခံလျက် အလုပ်ကို ကောင်းစွာ လုပ်၏။ လက်ဖက်ပွဲစားအလုပ်ကို သင်၍နေလေရာ အလုပ်ကို ကောင်းမွန်စွာ နားလည်သဖြင့် တစ်ကြောင်း၊ အစစအရာရာများ၌ ချက်ချက်ချာချာနှင့် လိမ်လိမ်မာမာ ရိုးသားဖြောင့်မတ်စွာ ပြုတတ်သောကြောင့် တစ်ကြောင်း၊ သားသမီးမရှိသော ပွဲစားကြီးသည် ၎င်းကို သားရင်းပမာ ဂရုပြုရှာလျက် အလွန်တရာ ယုံကြည်ကိုးစားအားထားလေ၏။

mgyoe.com

mgyoe.com


ပွဲကတော်ကြီး ဒေါ်ဖော့သည်လည်း ဝမ်းမနာသား လူချောလူလှ လူလိမ္မာကလေးတစ်ယောက်ကို ရရှိသည့်အတွက် အလွန်တရာ ဂုဏ်တက်၍ နေရှာလေ၏။

မောင်ဘစောသည် ပွဲစားကြီး၏ ခြံထဲ၌ အားလပ်သည့်အခါ တစ်ယောက်တည်း လှည့်လည်၍ နေတတ်လေ၏။ လက်ဖက်ပွဲစားကြီးမှာ အပေါင်ဆုံး၍ရသော ခြံတစ်ခြံ အိမ်နှင့် မနီးမဝေးနေရာ တစ်ခုတွင် ရှိလေရာ ထိုခြံသည် သစ်သီးအမျိုးစုံရှိသော ခြံဖြစ်လေ၏။

နွေရာသီ၏ အစဖြစ်သော နေ့တစ်နေ့၌ မောင်ဘစောသည်ကား တစ်ကိုယ်တည်းလှည့်လည်ကာ နေလေ၏။ ယင်းကဲ့သို့ နေခိုက်တွင် အသက် ၁၃ နှစ်အရွယ်ခန့်ရှိသော ဖြူစင်လှပ ယဉ်ကျေးသိမ်မွေ့နူးညံ့ပါးလှပ်သော မိန်းမပျိုကလေးတစ်ယောက်၏ သဏ္ဍာန်ကို မြင်ရလေရာ လွန်စွာ အံ့အားသင့်၍ နေလေ၏။ အကြောင်းမူကား ထိုသူငယ်မကလေးသည် မြန်မာအဝတ် ထမီကို ဝတ်သော်လည်း ဆံပင်မှာ ရွှေအဆင်းရှိလျက် မျက်လုံးမျက်ဖန်မှာ ပြာမှိုင်းသော အသွင်ရှိသည့်ပြင် ကြီးမားကျယ်ဝန်းလျက် မျက်ခုံးမျက်ဖန်၊ နှာတံ၊ နှုတ်ခမ်း၊ သွား၊ လည်တိုင် စသည်တို့မှာ အလွန်တရာ ကြော့ရှင်းလေ၏။ ခါးကလေးမှာ သေးသွယ်လျက် ရင်ကလေး ချီချီနှင့် တင်ကလေး ပလီပုံ၊ ခြေလက်အင်္ဂါ ကိုယ်ခန္ဓာမှစ၍ အစစအရာရာ ပျော့ပျောင်းဖြောင့်စင်း သေးသွယ်ပုံတို့မှာ ကြည့်ရှု၍ မငြီးဖွယ်ရာ ဖြစ်လေ၏။

၎င်းမိန်းမကလေးသည် တစ်ခုသော သစ်ပင်ထက်သို့ တက်ခါ သစ်ကိုင်းကို ဖော့ယမ်းလှုပ်ရှား၍ နေလေ၏။ မောင်ဘစောသည် တစ်ခုသော ခြံထောင့်မှ မလှမ်းမကမ်း ထိုသဏ္ဍာန်ကို မြင်ရသောအခါ မတော်တဆ ထိတ်လန့်၍ ထွက်ပြေးလေမလားဟု စိုးရိမ်သောကြောင့် ငြိမ်သက်စွာ မလှုပ်ရှားဘဲ ထက်သန်သော စိတ်အားနှင့် လှမ်းကာ

mgyoe.com

mgyoe.com



ကြည့်၍ နေလေ၏။ ဤသူငယ်မကလေးသည် အဘယ်သို့သော သူငယ်မကလေးပေနည်း။ လူ့သမီးစင်စစ်မှ ဟုတ်ပမလား စသည်ဖြင့် တွေးတောကာ ကြံစည်၍ မရနိုင်အောင် ငိုု လေ၏။ ယင်းကဲ့သို့ ကြည့်ရှုရင်း တဖြည်းဖြည်း အပါးသို့ ကပ်၍ သွားလေရာ သူငယ်မကလေး တက်၍နေသော သစ်ပင်နှင့် ဝါးတစ်ရိုက်ခန့် ကွာသောနေရာသို့ ရောက်သွားလေ၏။

တစ်အောင့်လောက်ကြာစွာ ထိုနေရာမှ ကြည့်၍ နေပြီးမှ သစ်ပင်အောက်သို့ စွန့်စားစွာ ဝင်ရောက်သွားလေရာ သူငယ်မကလေးသည် ခြေသံကို ကြားသော လက္ခဏာဖြင့် ငြိမ်သက်စွာ မလှုပ်မရှားဘဲ နားစိုက်၍ နေလေ၏။ မောင်ဘစောသည်ကား သစ်ပင်ထက်သို့ မော်၍ မကြည့်ဘဲ ခေါင်းငုံ့ကာ မမြင်ဟန်ဆောင်၍ နေလေ၏။ ထို့နောက် သစ်ပင်ပေါ်သို့ မော်ကာကြည့်လိုက်သောအခါ ကျယ်ဝန်းသော မျက်လုံးများနှင့် မိမိကို ငုံ့၍ ကြည့်နေသော ဖြူစင်သန့်ရှင်းသော မျက်နှာကလေးကို မြင်လေ၏။ ယင်းကဲ့သို့ မြင်ရသောအခါ ၂ ယောက်သား မျက်နှာချင်းဆိုင်လျက် စကားမပြောနိုင်ဘဲ နေကြလေပြီးမှ မောင်ဘစောက "ဟဲ့ ... နင် ဘယ်သူလဲ"ဟု မေးလေ၏။ မိန်းမကလေးသည် စကားပြန်၍မပြောဘဲ အပေါ်သစ်ကိုင်းမှ အောက်သစ်ကိုင်းသို့ ဆင်းကာ မြေပေါ်သို့ ခုန်ချပြီးလျှင် မောင်ဘစောနှင့် ရင်ဆိုင်ရပ်လျက် "ရှင် ဘယ်သူလဲ" ဟု မေးလေ၏။

စော ။ ။ "ငါ ခြံရှင်ပေါ့။ မင်း ... ဘယ်သူလဲ"

မိန်းမကလေး ။ ။ "ရှင် မလိမ်နဲ့။ ဦးကံကြီးမှာ သား မရှိဘူး"

စော ။ ။ "ဦးကံကြီးသား ယခုမှ ရန်ကုန်က ရောက်လာတယ်။ မင်း နာမည် ဘယ်သူလဲ"

မိန်းမကလေး ။ ။ "ကျွန်မ နာမည် ခင်မေလို့ ခေါ်တယ်။ ရှင့် နာမည်

mgyoe.com


ကော"

စော ။ ။ "ဘစော"

သူငယ်မကလေးသည် မောင်ဘစော မျက်နှာကို မယုံကြည်သော အမူအရာနှင့်စိုက်ကာ ကြည့်ပြီးမှ "ရှင် ဦးကံကြီး သား အဟုတ်ပဲလား"ဟု မေးလေရာ ...

စော ။ ။ "ဟုတ်တယ်၊ မင်းက ဘယ်သူ့ သမီးလဲ"

ခင် ။ ။ "ကျွန်မ အဖေ ရာဇဝတ်ဝန်ထောက်ပေါ့။ အမေက မနန်းရင်လို့ ခေါ်တယ်"

စော ။ ။ "မင်း အဖေ နာမည် ဘယ်သူလဲ"

ခင် ။ ။ "ကျွန်မ အဖေ ရာဇဝတ်ဝန်ထောက်ပေါ့"

စော ။ ။ "အခု ဘယ်မှာလဲ"

ခင် ။ ။ "အခု မသိဘူး"

စော ။ ။ "မင်း မေမေကော"

ခင် ။ ။ "ကျွန်မ မေမေတော့ ရှိပါတယ်"

စော ။ ။ "မင်း အဖေ ဘယ်တော့ လာမလဲ"

ခင် ။ ။ "ကျွန်မ မသိဘူး"

စော ။ ။ "မင်း အဖေက ငွေပေးသလား"

ခင် ။ ။ "ကျွန်မ မေမေ ဈေးရောင်းစားရတယ်။ ဖေဖေက ဘာမှ မပေးဘူး"

စော ။ ။ "မင်း ဖေဖေကို မင်း မြင်ဖူးသလား"

ခင် ။ ။ "ကျွန်မ ဖေဖေကို တစ်ခါမှ မမြင်ဖူးဘူး။ ကျွန်မ ငယ်ငယ်ကလေးက ထွက်သွားတယ်"

စော ။ ။ "အို သည်လိုဖြင့် မင်း ဖေဖေဟာ အင်မတန် ဆိုးတာပဲ"

ခင် ။ ။ "ကျွန်မ ဖေဖေ ဆိုးတယ်လို့ ရှင် ဘာပြုလို့ ပြောရသလဲ။

mgyoe.com

mgyoe.com


ကျွန်မ ဖေဖေ ကျွန်မတို့ကို ဘာမှ ဆင်းရဲအောင် မလုပ်ဘူး။ ကျွန်မ မေမေကိုလည်း မနှိပ်စက်ဘူး။ ကျွန်မ မေမေ့ကို ယူပြီး ကျွန်မ မွေးတော့ သူ ထွက်သွားတယ်။ ဖေဖေ ဘယ်ကို သွားသလဲ မသိဘူး။ ဘာပြုလို့ မလာသလဲ မသိဘူး။ ရှင် ဘာပြုလို့ ကျွန်မ ဖေဖေကို နှိပ်နှိပ်စက်စက် ပြောရသလဲ"ဟု မျက်ရည်စကလေးနဲ့ ပြောလေ၏။

စော ။ ။ "မသိလို့ပါကွယ်။ သူ ဘိလပ်မှာ နေတယ် ထင်ပါရဲ့။ သူ့ ဆွေမျိုးများက မင်းတို့ဆီကို မလာရအောင် လုပ်ထားတယ် ထင်ပါရဲ့နော်။ မင်းဖေဖေကို အောက်မေ့သလား"

ခင် ။ ။ "အောက်မေ့တာပေါ့ရှင်။ ဖေဖေရှိရင် မေမေ ဈေးရောင်းရမှာ မဟုတ်ဘူး။ ခင်မေလည်း ဆင်းရဲမှာ မဟုတ်ဘူး။ သည့်ပြင်လည်း သူများတွေမှာ ဖေဖေတွေ ဘာတွေ ရှိကြတယ်။ ခင်မေမှာ ဖေဖေလို့ ခေါ်စရာ မရှိဘူး။ သူများတွေကလည်း နင့်ဖေဖေ နင်တို့ကို ပစ်သွားတယ်။ နင်တို့ကို မုန်းလို့ လာမကြည့်ဘူးလို့ ပြောဆိုကြတယ်။ သည်လိုပြောတဲ့ လူတွေကို ခင်မေဖြင့် အင်မတန် မုန်းတယ်။ ဖေဖေလာရင် သည်လူတွေကို ထောင်ချအောင် ပြောပြမယ်။ ဖေဖေ ဘယ်တော့မှ ပစ်မထားဘူး။ ခင်မေတို့ဆီကို လာမှာပဲ။ ခင်မေ သွားတော့မယ်"ဟု ပြောပြီး ထွက်ပြေးလေ၏။

ထိုနေ့မှစ၍ မောင်ဘစောနှင့် ခင်မေသည် ခြံထဲတွင် နေ့စဉ်လိုလိုပင် တွေ့ကြလျက် တစ်ယောက်နှင့် တစ်ယောက် ရဲတင်းစွာ ကစား

mgyoe.com

mgyoe.com

ကြလေ၏။ ထို့နောက် တစ်စတစ်စ ၂ ယောက်စလုံး တစ်နေ့မတွေ့ရလျှင် မနေနိုင်သကဲ့သို့ ဖြစ်ကာ အလွန်ချစ်သော အဖော် ၂ ယောက်ဖြစ်၍ နေကြလေ၏။ မောင်ဘစောသည်ကား သူငယ်မကလေး၏ဆင်းရဲခြင်း အခြေအနေကို သိ၍ သနားသဖြင့် မကြာခဏ လက်ဆောင်ကလေးများကို ပေးလေ့ရှိ၏။ မောင်ဘစောမှာမူ ပွဲစားကြီး၏သားအရင်းသဖွယ်ဖြစ်၍ နေလေရာ ငွေကြေးကို သိသိသာသာ သုံးစွဲခွင့်ရလေ၏။ မသုံးစွဲဘဲနေသည့်အခါ ပွဲစားကြီးက ငါတို့က သားလိုသဘောထားပါလျက် မင်းက သူစိမ်းလို သဘောထားသလား။ ငွေကြေးကို ငါတို့ မနမြောဘူး။ ငါတို့သိအောင် မသုံးစွဲဘဲ မသိအောင်သုံးစွဲရင် သူခိုးဖြစ်လိမ့်မယ်။ မင်းကို ငါတို့က အလကား ငွေကိုအသုံးခိုင်းတာ မဟုတ်ဘူး။ မင်း လုပ်တဲ့ စာရင်းအင်းအတွက် ငါတို့မှာ အကျိုးရှိလို့သာ အသုံးခိုင်းတာပါ။ သူစိမ်းလို ခိုးဝှက်မသုံးပါနဲ့။ သားသမီးလို ယူငင် သုံးစွဲပါ" စသည်ဖြင့် ပြောလေ့ရှိ၏။ သို့သော်လည်း မောင်ဘစောသည် အဘယ်အခါမျှ မတရားသဖြင့် ခိုးကြောင်ခိုးဝှက် ပြုလေ့ရှိသူမဟုတ်ကြောင်းကို ပွဲစားကြီးနှင့် ပွဲကတော်သည်ကောင်းစွာ စိတ်ချသိရှိကြလေ၏။

ခင်မေသည်ကား မောင်ဘစောကို ဥယျာဉ်၌ တွေ့ရသော နတ်သားတစ်ယောက် မှတ်ထင်ကာ မိမိအား ထိုနတ်သားသည် ကြည့်ရှုမစရအောင် ပေါ်ပေါက်၍ လာသကဲ့သို့ အယူရှိ၍ နေလေ၏။

■

mgyoe.com

mgyoe.com

# အခန်း [ ၃ ]

ယင်းကဲ့သို့ နေကြသည့်အတွင်းတွင် ခင်မေသည် ဥယျာဉ်သို့ အလာအသွား ရုတ်တရက် ရပ်၍ သွားလေ၏။ မောင်ဘစောသည် ဝတ်မပျက်ဘဲ နေ့စဉ်နေ့တိုင်း ဥယျာဉ်သို့ သွားလေ၏။ တစ်နေ့လာနိုးနိုး၊ တစ်နေ့ လာနိုးနိုးနှင့် မျှော်ကိုးကာ နေသော်လည်း မပေါ်လာချေ။ အိမ်သို့ သွားရမည်မှာလည်း သင်္ကာယန မကင်းဖြစ်ကာ ခင်မေကို အလည်အပတ် မပြုရအောင် မိခင်က တားမြစ်ချေက နှောင်သာလွန်၍ အတွေ့ရခက်တော့မည်ဟု စိတ်၌ မှတ်ထင်စိုးရိမ်သောကြောင့် မသွားဘဲနေလေ၏။ ခင်မေ အဘယ်ကြောင့် မပေါ်လာပါသနည်းစသည်ဖြင့် တွေးတောကာ ဥယျာဉ်၌ ခင်မေကို နာရီဝက်၊ တစ်နာရီခန့် စောင့်ပြီးလျှင် မပေါ်လာသဖြင့် အိမ်သို့ပြန်ကာ စာရင်းအင်းများကိုသာ လုပ်၍ နေလေ၏။ တစ်ရံတစ်ခါ သူ့ဖေဖေလာပြီး သူ့ကိုခေါ်သွားလေသလားဟု တွေးတောမိရှာလေ၏။

mgyoe.com

mgyoe.com

အခါများစွာ မောင်ဘစောၛ စိတ်၌ ခင်မေၛ ဖခင်အကြောင်းကို တွေးတောကာ တစ်ကိုယ်တည်း စိတ်ဆိုး၍ နေလေၛ။ ဤသူငယ်မကလေးသည် အဘယ်ကြောင့် ဆင်းရဲရပါသနည်း။ အပျော်အပါးကို လိုက်စားကာ မြန်မာတိုင်းသူတို့အပေါ်၌ မကြင်နာဘဲ ယုတ်မာသော ကိလေသာၛ အလိုကို လိုက်စားပြီး စွန့်ပစ်၍ သွားသော ဥရောပတိုင်းသား လူယဉ်ကျေးမျိုးကြောင့်သာလျှင် ဤသူငယ်မကလေးသည် လူ့ဘဝသို့ လာရောက်ကာ ဆင်းရဲ၍နေရလေသည်တကား။ တစ်နာရီ၊ တစ်နေ့၊ တစ်ညဉ့်ယံမျှ ယုတ်မာသော အသား၊ အသွေး၊ အကြော၊ အချင်တို့ၛ အလိုရမ္မက်ကို ပျော်ရွှင်စွာ လိုက်စားလျက် ဆင်းရဲဒုက္ခကို အကြောင်းမဲ့ခံစားရသော အကလေးများကို မြေပေါ်၌ ပေါ်ပေါက်စေၛ။ ယဉ်ကျေးသော တိုင်းကြီးသားအချို့တို့ၛ အသားအသွေး အလိုကို ဤတိုင်းပြည်ရှိ ဆင်းရဲသော မိန်းမပျိုတို့သည် ကိုယ်ခန္ဓာကို ဆက်သကာ ပြည့်စုံစေရန် ဖြည့်စွက်ကြရၛ။ ယဉ်ကျေးသော အရာရှိတို့သည်ကား မိမိတို့ၛ အလိုကို ဖြည့်ရရှာသော မိန်းမတို့အပေါ်၌ မလေးစားလောက်သော တိရစ္ဆာန်သတ္တဝါများကဲ့သို့ သဘောထားကြၛ။ ထိုက်သင့်အားလျော်စွာ ညှာတာထောက်ထား သနားကြည့်ရှုကြသော အရာရှိတို့သည် အနည်းငယ်ရှိကြသော်လည်း ခင်မေၛ ဖခင်ကဲ့သို့သော သူတို့သည် မြန်မာပြည်ရှိ မိန်းမများအပေါ်၌ ဝမ်းနာသည့်အခါ သွားလာရသော အိမ်သာကဲ့သို့ သဘောထားကြၛ။ ဝမ်းနာခြင်း ကိစ္စပြီးသောအခါ ထိုအိမ်သာကို စွန့်ပစ်သည့်အလား မိမိတို့ၛ အလိုပြည့်သည့်အခါ၌ ထိုမိန်းမများကို စွန့်ပစ်ကြၛ။ နှစ်ကိုယ်တည်း ဆိတ်ကွယ်ရာ၌ ကျင်လည်ပျော်ပါးကာ ချစ်ပါသည်၊ ကြိုက်ပါသည်၊ စုံမက်ပါသည်ဟူသော စကားနှင့် လှည့်စားသွေးဆောင် အောင်မြင်၍ပြီးသော မိန်းမများကို နောင်ထပ်မံ၍
mgyoe.com

mgyoe.com


တွေ့ရလျှင် အရက်တကွဲ အကျိုးနည်းဖြစ်သည်ဟု မိမိတို့ကိုယ်ကို ထင်ကြ၏။ ယုတ်မာသော အမှုကို ပြုဖို့ရန် မရှက်။ ဂုဏ်အသရေ ယုတ်မည်ကိုကား တွေးတောကာ ရှက်ကြ၏။ မြန်မာမ၏ ထမိကို ပွေ့ပိုက်ကာ နမ်းရှုံ့ပြီးမှ မြန်မာမ၏ မျက်နှာကို ထပ်မံ၍ ကြည့်ရမည်မှာ ရှက်ဖွယ်ရာ ဖြစ်၏။ များစွာသော လူမျိုးကွဲအရာရှိတို့သည် မိမိတို့၏ တိုင်းပြည်၌ နေစဉ် မယားတစ်ယောက်ကို ကျွေးလောက်သော အခြေနှင့် ဝေးကွာကြလေရာ မြန်မာပြည်သို့ ရောက်ကြသည့်အခါ သွေ့ခြောက် ငတ်မွတ် ဖျင်းသိမ် ညံ့ဖျင်းသော ၎င်းတို့၏ ကိုယ်ခန္ဓာသည် ရိုးရိုးရှုရှုဖြစ်ကာ ဃရာမာန်တက်ကြွလျက် ဤအရာသည် ငါကဲ့သို့သောယောကျ်ားနှင့်သာ ထိုက်သည်ဟု မှတ်ထင်ကြ၏။ ထိုကဲ့သို့သောသူတို့သည် စူစကာပုဏ္ဏားပွဲရုံနှင့် ညားသည့်အလား၊ အတိုင်းအဆကို မသိကြချေ။ ထိုကဲ့သို့သော သူတို့သည် လောက၌ ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းကို များစွာသော အကလေးတို့အတွက် ဖန်တီးကြလေ၏။ ဗြိတိသျှတိုင်းသည် မိမိ၏ လက်အောက်၌ ရှိသော လူမျိုးကို ယဉ်ကျေးစိမ့်သောငှာ မိမိ၏ သားများကို ပို့လွှတ်၏။ ထိုသားတို့အနက် များစွာသောသူတို့မှာ ယဉ်ကျေးခြင်းလုပ်ငန်းကို ကောင်းစွာ မဆောင်ရွက်ကြဘဲ ရှက်ဖွယ်သောအလေ့ဖြင့် အချိန်ကို ကုန်စေကြပြီးနောက် နှစ်ပရိစ္ဆေဒ အတော်ပင် ပျော်ပါး၍ ဝလင်စွာ အားလပ်ခွင့်ရကြသောအခါ ကြီးစွာသော ဘွဲ့နာမည်များကို ရကြလျက် ဗြိတိသျှ အင်ပိုင်ယာနိုင်ငံကြီး၏ မန်တိုင်များကဲ့သို့ မှတ်တမ်းတွင် အတင်ခံကြရပြီးလျှင် ကြီးမြတ်သော ဂုဏ်သတင်းနှင့် ငြိမ်းချမ်း သုခကို ခံစားကြရင်း ၎င်းတို့၏ အစာဖြစ်ခဲ့ကြရှာသော အမျိုးသမီးတို့နှင့် မျိုးစေ့တို့သည်ကား မသေမချင်း မြင့်ကြာသော ဆင်းရဲခြင်းနှင့် ကြုံတွေ့ကြရ၏။ ဤလောကသည် လှည့်စားသော လောကကြီးဖြစ်လေရာ တိုတောင်းသော

mgyoe.com

mgyoe.com

ဘ၀၏အဆုံး၌ ၎င်းတို့၏ ဂုဏ်သတင်းမှတ်ကမ်းတို့သည် သံသရာတွင် လိုက်ပါကူညီခြင်းပြုနိုင်ကြလိမ့်မည် မဟုတ်ချေ။ ဤလောကဗျူရိုကရက်မှတ်တမ်းသည် ဤဘ၀အတွက်သာ ဖြစ်၏။ နောင်တမလွန်ဘ၀၌ သတ္တဝါတို့၏ ကံကြမ္မာကို ပိုင်းခြားစီရင်သော တရားမင်းသည် ထိုမှတ်တမ်းများကို မှသားသက်သေအဖြစ်နှင့် ပယ်ရှားသုတ်သင်ကာ ပြစ်လိုက်သောအခါ ဖုတ်ကောင်ကို ဖိနပ်နှင့်ရွယ်သည့် အလား အသားတွေ ကြွေကျပုပ်နံကာပွပြီးလျှင် အရိုးကို မြင်ရဖို့ရှိလေသတည်း။

မောင်ဘစောသည် ခင်မေ မပေါ်လာသဖြင့် စုံစမ်း၍ကြည့်လေသောအခါ မိခင်များစွာ မကျန်းမာသဖြင့် အပါးမှ မခွာဘဲ ကြည့်ရှုပြုစု၍ နေရကြောင်းကို သိရလေ၏။ ၎င်းတို့ သားအမိ ၂ ယောက်မှာ လွန်စွာဆင်းရဲသဖြင့် မိခင်ရှာဖွေနိုင်မှသာလျှင် ထမင်းကို နပ်စေ့အောင် စားကြရလေရာ မိခင်မကျန်းမာသောအခါ အဘယ်မျှလောက် ဆင်းရဲမည်ကို ဆင်ခြင်သိရှိနိုင်လေ၏။

မောင်ဘစောသည်ကား အဘယ်ပုံသွားရောက်ကူညီစောင်မရမည်ကို ကြံစည်၍ နေလေ၏။ ခင်မေမှာ မိခင်၏ ရောင်းချခြင်းအလုပ်ကို နံနက် မိုးလင်းလျှင် မိုးလင်းချင်း လုပ်ကိုင်ရန် ပြင်ဆင်၍ မိခင်အတွက် စားဖွယ်သောက်ဖွယ်ရာတို့ကို အသင့်လုပ်ကိုင်ပြင်ဆင်ကာ အိမ်မှထွက်၍ ထမင်းချက်သောအချိန်၌ အိမ်ကို ပြန်ကာ ချက်ပြုတ်လုပ်ကိုင်ပြီးလျှင် တစ်နေ့လုံး မိခင်ကို ကြည့်ရှုပြုစု၍ နေရလေ၏။ ကလေးတို့၏ ဘာဝ မုန့်ပဲသားရေစာ ကလေးများကို ဝယ်ခြမ်းစားသောက်လိုသော်လည်း မိခင် မကျန်းမာသည့်အတွင်းမှာ ချို့ငဲ့ခြင်းဖြစ်မည်ကို ပူပန်စိုးရိမ်ရှာသောကြောင့် မသုံးရက် မစားရက်။ မိခင်ကြိုက်တတ်သော အစာများကို ဝယ်ခြမ်း၍ ပေးရှာလေ၏။ သေးငယ်
mgyoe.com

mgyoe.com



သော အိမ်ကလေး၌ မှောင်အတိကျကာ ခင်မေသည် မိခင်၏ အပါးမှ မခွာဘဲ နှိပ်နင်းပြုစု၍ နေရလေရာ ကလေးတို့ဘာဝ ပျော်ပျော်ရွှင်ရွှင် သွားလာကစား၍ နေကြသော အခြားအဖော်များကို မြင်ရသည့်အခါ များ၌ အိမ်မှထွက်ချင်သော်လည်း တစ်ကိုယ်တည်း နေရရှာမည်ဖြစ် သော မိခင်၏ အကြောင်းကို တွေးမိသည့်အခါ ပူပန်စိုးရိမ်လျက် အိမ်မှမထွက်ဘဲ နေရရှာလေ၏။

မိခင် ။ ။ "သမီး မေ့မေ့ အနားမှာချည်းနေရင် အပြောင်းအညာ စွဲပြီး မမာမကျန်း ဖြစ်တော့မယ်။ မေမေ မမာတဲ့အခါ မှာ သမီးကလေး ပြုစုနိုင်သေးတယ်။ သမီးကလေးရော၊ မေမေရော မမာရင် ပြုစုမယ့်လူ ရှိတော့မှာ မဟုတ်ဘူး။ မေမေ့အတွက် ကိစ္စပြီးရင် ကစားပြီးနေပါ"

ခင် ။ ။ "မေမေ ခင်မေအတွက် ဘာကိုမှ မပူပါနဲ့။ ခင်မေ ကောင်းကောင်း မာပါတယ်။ မေမေ မာဖို့သာ အောက် မေ့ပါ။ မေမေ မာရင် ခင်မေ ကစားပါ့မယ်။ မေမေ ညောင်းရင် ကိုက်ရင် ခင်မေ့ကို ပြောနော်။ ခင်မေ နင်း ပေးမယ်"

မိခင် ။ ။ "မနင်းပါနဲ့ သမီးရယ်။ မေမေ့ရောဂါတွေ သမီးကလေး ကို ကူးမှာကို မေမေ စိုးလွန်းလို့ပါ"ဟု ပြောဆိုလေ၏။

ယင်းကဲ့သို့ နေကြလေရာ နေ့စဉ်နေ့တိုင်း ရောင်းဝယ်၍ နေ့စဉ် စားသောက်ဖို့ရန် လုံလောက်စွာ မရချေ။ ထိုအတွင်း၌ မိခင်၏ ဝေဒနာ မှာ သက်သာခွင့်မရဘဲ သမီးကလေးကို သနားသောစိတ်ကြောင့် တစ် ကြောင်း၊ အစားအသောက် ဆင်းရဲခြင်းကြောင့် တစ်ကြောင်း၊ ဆေး ဝါးကောင်းစွာ မမှီဝဲရသောကြောင့် တစ်ကြောင်း အားငယ်သော မျက် လုံးများနှင့် သမီးကလေး၏ မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ဝေဒနာ

mgyoe.com

mgyoe.com

တိုးမှန်းမသိ တိုး၍ လာလေ၏။

တစ်နေ့သ၌ နံနက်စောစော မောင်ဘစောသည် မခင်မေ့ကလေး၏ အိမ်သို့ သွားလေရာ မခင်မေသည် အိမ်ရှေ့တွင် မေးထောက်ကာ ထိုင်၍ နေသည်ကို ခပ်လှမ်းလှမ်းမှ တွေ့ရှိရလေ၏။

ရွှေအဆင်းနှင့်တူသော ဆံပင်ကလေးများသည် လှပသော ဦးခေါင်းကလေးကို အုပ်လျက် နေလေ၏။ မောင်ဘစောသည် အပါးကို မကပ်ဘဲ ခပ်လှမ်းလှမ်းမှ ရပ်ကာ စီးစောင်းကြည့်၍ နေပြီးမှ အိမ်နောက်ဆားသို့ လှည့်၍ သွားလေ၏။ ထို့နောက် အတန်ကလေးကြာသောအခါ ခင်မေသည် အိမ်ရှေ့၌ ထိုင်ရာမှ နောက်ဖေးသို့ဝင်၍ သွားသောအခါ နောက်ဖေးအပေါက်ဝတွင် အထုပ်တစ်ခုကို တွေ့ရှိရလေ၏။ ခင်မေသည် အံ့အားသင့်လျက် ထိုအထုပ်ကို ကောက်ယူကာ ဖွင့်၍ ကြည့်လေလျှင် အလွန်ကောင်းသော ငါးရံ့ခြောက်အပြားခြောက်ပြားနှင့် ငွေစက္ကူ ၁၀ တန်တစ်ချပ်ကို တွေ့ရလေ၏။

ခင်မေသည် ငွေကြေးပြတ်လပ်လျက် ထမင်း ဟင်းကိုပင် အဘယ်ပုံ ကြံစည်၍ ချက်ရမည်ကို မသိသည်အခိုက် ထိုမွန်မြတ်သော အထုပ်ကို ရရှိသဖြင့် ပြောပခြင်းငှာ မစွမ်းနိုင်အောင် ကြီးစွာသော ဝမ်းမြောက်ခြင်းကို ခံစားရရှာလေ၏။ မည်သူမည်ဝါ လာရောက်၍ ပေးသည်ကို မသိရသောကြောင့် အလွန်တရာ ကျေးဇူးတင်လိုသော စိတ်နှင့် နောက်ဖေးပေါက်မှ ထွက်၍ ကြည့်လေသောအခါ တစ်ခုသော သစ်ပင်အကွယ်၌ လက်ပိုက်ကာ ရပ်ပြီးလျှင် ပြုံးရွှင်သော မျက်နှာနှင့် ခင်မေကို ကြည့်၍နေသော မောင်ဘစောကို တွေ့မြင်ရသောအခါ ကလေးမကလေးသည် ကြီးစွာသော ဝမ်းမြောက်ခြင်းကြောင့် မျက်ရည်များလည်လျက် မောင်ဘစောကို ပြေး၍ဖက်ကာ ငိုပြီးလျှင် မိမိ မပေါ်လာရခြင်းအကြောင်းရင်းကို သေချာစွာပြော၍ ပြလေ၏။
mgyoe.com

mgyoe.com



မောင်ဘစောသည် ကလေးမကလေးကို ပွေ့ကာ ချောမွတ်ပျော့ပျောင်းသော ဆံပင်ကလေးကို လက်တစ်ဖက်နှင့် ပွတ်သပ်ရင်း ချော့မော့အားပေးလေ၏။ အတန်ကြာသောအခါ "ကိုင်း ... ခင်မေ။ မင်းမေမေကို ကြည့်ဦးနော်။ ငါ ပြန်ဦးမယ်။ တစ်ခုခု အလိုရှိရင် လာပြီးပြော"ဟု မှာထားကာ ခင်မေကို လွှတ်ပြီးလျှင် ထွက်သွားလေ၏။ ခင်မေသည် သစ်ပင်ကို မှီကာ ရှုမျှော်၍ နေရစ်ပြီးလျှင် မောင်ဘစောပျောက်ကွယ်၍ သွားကာမှ မောင်ဘစော၏ ကြင်နာခြင်းအကြောင်းကို တွေးတောကာ အိမ်သို့ ဝင်ရှာလေ၏။

ထိုနေ့မှစ၍ ခင်မေမှာ အားကိုးအားထားပြုရာ မြင်းမိုရ်တောင်ကြီးပမာ မောင်ဘစောကို မြင်ရသည့်အခါတိုင်း အားတက်လျက်ဆင်းရဲခြင်းဟူသမျှ ပျောက်ပျက်၍ သွားသကဲ့သို့ မှတ်ထင်ရလေ၏။ ခင်မေ၏ စိတ်၌ မောင်ဘစောသည် မိမိကို ကယ်ဆယ်နိုင်သော သူတစ်ယောက်ဟူ၍ အစွဲပြုယုံကြည်ကိုးစားလေ၏။ ထိုကဲ့သို့နေသည့်အတွင်း မိခင်၏ ဝေဒနာမှာမူ သက်သာရာမရ တိုးတက်၍သာ နေလေသတည်း။

■

mgyoe.com

mgyoe.com

# အခန်း [ ၄ ]

ယင်းကဲ့သို့ နေသည်အတွင်း မောင်ဘစောဏ် မိဘများသည် မောင်ဘစော သတင်းကို ကြားရသဖြင့် ကင်းတပ်သို့ လိုက်၍လာလေရာ ပွဲစားကြီးနှင့် ပွဲကတော်ကြီးများမှာ လွန်စွာထိတ်လန့်ခြင်း ဖြစ်ကြရှာလေ၏။ အဘယ်ကြောင့်ဆိုသော် တစ်ဦးတည်းသော သားအမှတ်နှင့် အားကိုးအားထားပြု၍ထားဖသော မောင်ဘစောသည် မိမိတို့၏ မျက်စေ့အောက်မှ ပျောက်ကွယ်၍ သွားတော့မည်ကို သိကြလေ၏။ ၎င်းတို့သည် အိမ်သို့ ရောက်လာသော မောင်ဘစောဏ် မိဘများအား အံနည်းငယ်မျှသာ စကားပြောနိုင်ကြလျက် အခန်းထဲမှ အပြင်သို့ မထွက်နိုင်ကြဘဲ တိတ်ဆိတ်စွာ နေကြလေ၏။

မောင်ဘစော အခန်းထဲသို့ ဝင်လာသောအခါ ပွဲကတော်ကြီး

mgyoe.com

mgyoe.com



သည် မောင်ဘစော၏ လည်ကို ဖက်ခါ "သားကြီး တကယ်ပဲ လိုက်တော့မလား။ မေမေတို့ကို ထားခဲ့တော့မလား။ မေမေတို့ မင်းအပေါ်မှာ စိတ်နာအောင် ဘာမှ မပြုခဲ့ဘူးနော်။ မေမေတို့က ဘယ်လိုပင်ချစ်သော်လည်း မင်းမိဘအရင်းလိုတော့ မင်းကို မပိုင်ပေဘူးကွဲ့နော်။ မင်းကလည်း မင်းမိဘကို မြင်ရသည့်အတွက် မေမေတို့အပေါ်မှာ လေးစားတဲ့စိတ် လျော့ပါးတော့မှာပဲ။ မင်းကဖြင့် သည်အမယ်ကြီးနဲ့ အဘိုးကြီးကို ရှိတာယ်လို့တောင် အမှတ်ထားပါတော့မလား" စသည်ဖြင့် မျက်ရည်ကို သုတ်ကာ ပြောရှာလေ၏။ ပွဲစားကြီးကလည်း "အခု မင်း ကျေးဇူးဆပ်တော့မှာပေါ့။ မင်းမိဘများ လိုက်လာမှကိုး"ဟု ပြောလေ၏။

မောင်ဘစောသည်ကား ဝမ်းနည်းခြင်းကြောင့် တစ်စုံတစ်ရာကိုမျှ ပြန်၍ မပြောနိုင်သော်လည်း အဘယ်ပုံ ကျေးဇူးဆပ်ရမည်ကိုသာ စိတ်ထဲတွင် တွေးဆ၍ နေလေ၏။ မောင်ဘစော၏ မိဘများသည်ကား ပွဲစားကြီး၊ ပွဲကတော်ကြီးတို့ကို သနားအားနာသောကြောင့် ရက်တရက် ချက်ချင်း မောင်ဘစောကို မခေါ်ဘဲနေသော်လည်း နောက်ဆုံး၌ ခေါ်ရမည့်ရက်သည် နီးကပ်၍လာသဖြင့် တစ်ညဉ့်မျှနေပြီး နောက်တစ်နေ့ မောင်ဘစောကို ခေါ်၍ သွားကြရတော့မည် ဖြစ်လေ၏။ ထိုနေ့ညနေ၌ မောင်ဘစောသည် ခင်မေ၏ထံသို့ သွား၍ နှုတ်ဆက်လေ၏။

စော ။ ။ "ခင်မေ ငါ သွားရတော့မယ်။ ငါ့ မိဘများ လိုက်လာတယ်"

ခင် ။ ။ "အလို ... ကိုဘစော။ တ ၁ယ် သွားရတော့မလား။ ခင်မေကို လာပြီး ကစားတယ် ထင်ပါရဲ့"

စော ။ ။ "မကစားဘူး ခင်မေ။ အဟုတ်ဘဲ သွားရတော့မယ်"

mgyoe.com

mgyoe.com



ခင်မေသည် တွေဝေ မိန်းမောကာ မောင်ဘစော၏ မျက်နှာကို စိုက်ကာ ကြည့်၍ နေပြီးမှ "နို့ ... ရှင် ပွဲစားကြီး သားဆို" စော ။ ။ "ဟုတ်တယ် ခင်မေ။ ပွဲစားကြီးက ငါ့ကို မွေးစားတဲ့ အဖေ။ အခု လာကြတာက မိဘအရင်း။ သည်တော့ ငါ မငြင်းနိုင်ဘူး။ အဟုတ် သွားရတော့မယ်"

ထိုအခါ ခင်မေသည် မောင်ဘစောကို ကိုင်ဆွဲကာ ပါးစပ်ကို ဟလျက် တစ်ခုခုကို ပြောမည်ပြုပြီးမှ မပြောဘဲ ဝမ်းနည်းသော အမူ အရာနှင့် ဆိတ်ငြိမ်စွာ ငေး၍ နေလေ၏။

ခင်မေသည် အသက်ငယ်သဖြင့် မိမိထက် ၅ နှစ်၊ ၆ နှစ်ခန့်မျှ ပိုမို၍ ကြီးသော မောင်ဘစောကို အစ်ကိုကြီးကဲ့သို့ ချစ်ခင်အားထား ခဲ့လေ၏။ ယခုသည်ကား ထိုအချစ်သည် အဘယ်သို့သော သဘော တရားကြောင့် ပြောင်းလဲခြင်းအဖြစ်သို့ရောက်ကာ ခွဲခွာရမည့်အရေး ကို တွေးတောပူပန်ရပါသနည်းဟု တွေးဆခြင်းငှာ မစွမ်းနိုင်အောင် ရှိလေ၏။ မောင်ဘစောစိတ်၌လည်း ခင်မေသည် အကလေး အမိုက် မကလေးတစ်ယောက်ကဲ့သို့ သဘောထားခဲ့သော်လည်း ခွဲခွာရတော့ မည်။ နောင်အခါ၌ ထပ်မံ၍ တွေ့ရတော့မည်မဟုတ်ချေဟူသော တွေးတောခြင်းသည် အချစ်ဓာတ်ကို ပြောင်းလဲခြင်းသို့ ရောက်စေလျက် "မိန်းမ ပုခက်တွင်း၊ ယောကျ်ား မောင်ပဋ္ဌင်း"ဟူသော စကားသည် စိတ်ထဲတွင် ပေါ်ပေါက်၍ လာလေ၏။ ခင်မေ၏ နီမြန်းသော နှုတ် ခမ်းကလေးများကို ပွေ့ယူကာ ကိုက်ငုံ၍ ထားချင်သကဲ့သို့ စိတ်ထဲမှာ တရွရွဖြစ်ပေါ်၍ လာလေ၏။ ခင်မေ၏ အမူအရာများသည်လည်း ငြင်းဆန်မည့် လက္ခဏာ မရှိ။ မောင်ဘစော၏ ရင်ခွင်၌ ဦးခေါင်းကို တင်ကာ ခဏပင် နေ့ပြစေတော့ဟု စိတ်ထဲတွင် မျှော်ကိုးကာ နေသကဲ့ သို့ တောင့်တမွတ်သိပ်လှစွာသော မျက်လုံးပြာပြာကြီးများကို ဖွင့်ပြီး

mgyoe.com

mgyoe.com



ကာ မောင်ဘစောဧ၏ မျက်နှာကို စိုက်လျက် မျက်တောင်မခတ်ဘဲ ကြည့်၍ နေလေ၏။ ခင်မေသည် ငယ်ရွယ်သူကလေး ဖြစ်သော်ငြား လည်း မိန်းမတို့ တတ်အပ်သော သွေးဆောင်ခြင်းအတတ်ကို အလို အလျောက် ဤနေရာတွင် ချက်ချင်း လတ်ဘလော တတ်မြောက်၍ လာ၏။ ငါးတို့သည် ဥမှပေါက်လျှင် ပေါက်ချင်း ရေထဲ၌ ကူးတတ် သည့်အလား မိန်းမများတို့သည် ငယ်ရွယ်စဉ်ကပင် အကြောင်းရှိက ယောကျ်ားတို့၏ စိတ်ဓာတ်အဟုန်တည်းဟူသော ရေကြောကို အလို အလျောက် သိကြလေ၏။

မောင်ဘစောသည်ကား ဤနုနယ်လှပသော ပန်းပွင့်ကလေးကို ကိုင်ယူကာ နမ်းရှုံ့လိုသော်လည်း နွမ်းနယ်၍ ကျန်ရစ်မည်ကို စိုးနောင့် သနားကာ နူးညံ့ပြေပြစ်သော ကိုယ်ခန္ဓာကလေးက လက်နှင့်မှ ပွေ့ ကာ မယူရက်ဘဲ မိမိ၏စိတ်ကို အနိုင်နိုင် ချုပ်တည်းထားရလေ၏။ သန့်ရှင်းသော ထမင်းဟင်း လျှာ ခဲဖွယ်ဘောဇဉ်တို့မည်သည် လက်နှင့် အထိခံရသည့်အခါ အပူဓာတ်ကူးစက်သဖြင့် လျင်မြန်စွာ သိုးပုပ်ပျက် စီးတတ်သည်နှင့် အလားတူစွာ နုနယ်သော မိန်းမပျိုတို့ကို ဂရာတည်း ဟူသော ခြေလက်ကိုယ်ခန္ဓာဖြင့် ထိမိခိုက်မိချေက ဂရာတေဇော၊ သောကအပူ၊ ငွေ့ငွေ့လူလျက် ပျက်စီးခြင်းသို့ ရောက်ရမည့်အရေးကို မောင်ဘစောသည် တွေးတော သနားကာ နှမကလေးပမာ စာနာ ညှာတာလျက် မိမိ၏ လှုပ်ရှားသော အချစ်၏ နှလုံးတံခါးကို ပိတ်ဆို့ ၍ ထားလေ၏။ ဤနုနယ်သန့်ရှင်း အပြစ်ကင်းသော ကိုယ်ခန္ဓာ ကလေးကို ညစ်ညူးခြင်းအဖြစ်သို့ တစ်နည်းနည်းဖြင့် ရောက်စေအောင် ပြုမိချေက ၎င်း၏ မိခင်နှင့်မခြား တစ်သက်လုံး ဆင်းရဲခြင်းအဖြစ်သို့ သာ ရောက်ရရှာပေတော့မည်တကား စသည်ဖြင့် တွေးတောကာ ၎င်း ၏ ပြည့်ဖြိုးသော တင်ပါးကလေးကို သိမ်းယူပွေ့ပိုက်ကာ ရင်ဘတ်

mgyoe.com

mgyoe.com

ချင်းကပ်ခါ၊ မျက်နှာချင်းတွေ့ကာ၊ နှုတ်ခမ်းချင်း ယှက်ကာထားချင်သော စိတ်တို့ကို နိုင်နင်းစွာ ချုပ်တည်းလျက် သူငယ်မကလေး၏ တပ်မက်ချစ်ခင်ဖွယ်ကောင်းလှသော ကိုယ်ခန္ဓာကလေးကိုမှ မကြည့်ဝံ့ဘဲ နေရှာလေ၏။ အကြောင်းမူကား တာရှည်စွာ ကြည့်မိချေက မိမိ၏စိတ်ကို မနိုင်မနင်း ဖြစ်မည်ကို စိုးရိမ်ရှာလေ၏။

ယင်းကဲ့သို့ အတန်ကြာစွာ စကားပြောဆို၍ ပြီးကြသောအခါ နေဝင်ဆည်းဆာအချိန်သို့ ရောက်လာသဖြင့် မခင်မေမှာ မိခင်အတွက် စိတ်မချရ။ မောင်ဘစောမှာလည်း ပွဲစားကြီး ၊ ပွဲကတော်တို့ စိတ်ကျေနပ်အောင် ပြောရဆိုရဖို့ အရေးများရှိသေးသဖြင့် ခွဲခွာကြရတော့မည်ဖြစ်သောအခါ မောင်ဘစောက "ကိုင်း ... ခင်မေ၊ ငါ သွားရတော့မယ်ကွယ်။ မသေရင် ပြန်ပြီး တွေ့ကြရဦးမှာပဲ။ မင်းလည်း ငယ်ငယ်ကလေး ရှိသေးတယ်။ တစ်နေ့နေ့မှာ ဘယ်လိုဖြစ်ပြီး အဘယ်လိုရောက်လာရဦးမယ်ဆိုတာ မသိရဘူး။ ငါလည်း သည်အရပ်ကို မလာဘဲ မနေနိုင်၊ ပွဲစားကြီး၊ ပွဲကတော်တို့ဆီကို မကြာခဏ သွားချည်လာလှည့် နေရမှာပဲ။ သူတို့က သားအရင်းလို ချစ်ခင်နေတာကလား ခင်မေရဲ့။ စိတ်မငယ်နဲ့နော်။ မင်း မေမေလည်း မာပါလိမ့်မယ်ကွယ်။ တစ်ခုခုဖြစ်ရင် စာကလေး ပေးလိုက်တာပေါ့"ဟု ပြောကာ မိမိ၏နေရပ်ကို ခင်မေအား ပြောပြလေ၏။

ခင်မေသည်ကား မျက်ရည်တို့ကို သိမ်းဆည်း ချုပ်တည်း၍ မရဘဲနေသောကြောင့် အခြားစကားကို ပြန်၍ မပြော၊ စကားပြောသည်ထက် အဓိပ္ပာယ် ပိုမိုလေးနက်သော ငိုရှိုက်သံကိုသာ ပေးရှာလေသတည်း။

ထို့နောက် မောင်ဘစောသည် ခင်မေအား စက္ကူအခေါက်ကလေး တစ်ခုကိုပေးပြီး ခင်မေ၏ အပါးမှ ခွာပြီးလျှင် ထွက်သွားလေ

mgyoe.com

mgyoe.com

ရာ သစ်ပင်တို့၏ အကြား မှောင်ရိပ်သို့ ရောက်သွားလေ၏။ ထိုမှောင်ရိပ်မှ နောက်သို့ ပြန်လှည့်ကာ ကြည့်လိုက်သောအခါ သစ်ပင်အောက်တွင် လည်ကလေးကို ဆန့်ကာ မိမိကို ငေးမှိုင်း၍ ကြည့်ရစ်ရှာသော ခင်မေကို မြင်ရလေသတည်း။

ခင်မေသည် အိမ်ပေါ်သို့ ရောက်သောအခါ စက္ကူကို ဖြန့်၍ ကြည့်လေလျှင် ၁ဝ– တန် စက္ကူ ၃ ချပ်ကို မြင်ရလေ၏။ သို့သော်လည်း များစွာဝမ်းမသာဘဲ မောင်ဘစောကို တွေ့ရတော့မည်မဟုတ်။ မိမိအားကိုးရာ မိမိ၏ အချစ်ဆုံးသော မိတ်ဆွေ မိမိ၏ စိတ်ဉာဏ်၌ အလင်းဖြစ်သော မောင်ဘစောသည် မိမိကို စွန့်ပစ်၍ သွားရပေတော့မည်ဟူသော အကြောင်းများကို တွေးတောကာ ယူကြုံးမရ ဖြစ်ရှာလျက် အိမ်အပြင်၌ တစ်ခုသော တိုင်ကိုမှီကာ မောင်ဘစော၏ လက်ဖြင့်ကိုင်၍ပေးသော ငွေစက္ကူတို့ကို နမ်းလျက် ငိုရှိုက်၍ နေလေ၏။ ခင်မေ၏ စိတ်၌ ဤငွေစက္ကူတို့ကို မသုံးရက် မစားရက်နိုင်အောင် ဖြစ်၍နေလေ၏။ ဤငွေစက္ကူတို့သည် အချစ်၏ထည်ရာ စက္ကူများဖြစ်၏။ တဏှာရာဂ၏ အစတန်ဖိုး မဟုတ်။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော အချစ်၏ သက်သေအထိမ်းအမှတ်ဖြစ်ကြသော ငွေစက္ကူများကို အဘယ်ပုံ သုံးစွဲရက်နိုင်ပါမည်နည်း။

နေမင်းသည် နောက်ဆုံးသော ရောင်ခြည်တို့ကို သိမ်းယုတ်လိုက်သောအခါ ခင်မေ၏ အိမ်တွင်း အိမ်ပ မှောင်ကျ၍ လာလေ၏။ ထိုအခါ ခင်မေ၏ စိတ်၌ နေမင်းကွယ်ပျောက်သည်နှင့် အလားတူစွာ ပျောက်ကွယ်၍ သွားသော ချစ်ဆွေတစ်ဦး၏အတွက် ရတက်မီးကြွ၍ လာသော်လည်း ထိုသောကမီးသည် အလင်းကိုပေးသော မီးတောက်မီးလျှံမဟုတ်၊ တအုံ့နွေးနွေး ဘယ်အခါမှ မအေးနိုင်ဘဲ အသဲကို ကျပ်ကိုက် မီးကင်သော မီးခဲမျှသာ ဖြစ်လေသတည်း။
mgyoe.com

mgyoe.com



ခင်မေသည် မီးတိုင်ကို ထွန်းပြီးလျှင် အခန်းတွင်း၌ရှိသော မိခင်၏ အပါးသို့ ခြေဖျားထောက်၍ ဝင်သွားပြီးလျှင် မှေးမှိန်သော မီးရောင်အောက်၌ မိခင်အိပ်၍နေသည်ကို အပါး၌ကပ်၍ တတွေတွေ ကျဆင်းသော မျက်ရည်များနှင့် ငြိမ်သက်စွာကြည့်၍ နေလေ၏။

■

mgyoe.com

mgyoe.com

# အခန်း [ ၅ ]

မောင်ဘစော ပြန်သွားပြီးနောက် များမကြာမီ မိုးသံလေသံများကို ကြား ရလေ၏။ ခင်မေမှာလည်း မိခင်သေဆုံးရှာလျက် တစ်ကိုယ်တည်း ခိုကိုးရာမဲ့ ဖြစ်လေရာ ဆင်းရဲသော ဆွေမျိုးညာတိများ၏ အိမ်တွင် ခိုကပ်ကာ နေရလေ၏။

မိုးများ အုံ့ဆိုင်းညို့မှိုင်း၍ လာသောအခါ မိခင်ကိုလည်း လွမ်း ဆို့၊ မောင်ဘစောကိုလည်း သတိရ၊ မချိလှအောင် သောကမီးတောက် ၍ နေရလေ၏။ မိုးတိမ်တို့ကို ဆောင်ယူ၍ လာကုန်သော လေများ ဖေ့တိုက်၍ လာသည့်အခါ ထိုလေတို့သည် နုနယ်သော အကလေးမ ကလေး၏ ရင်ခွင်သို့ ဝင်ရောက်ကာ အသဲအူချမ်းတုန်လောက်အောင် ဖေ့ရမ်းခြင်းပြုသကဲ့သို့ မှတ်ထင်ရလေ၏။ ထိုကဲ့သို့ဖြစ်သည့်အခါ တစ်ကိုယ်တည်း မှိုင်တွေချလျက် တောင်ကို မြောက်ကို ကြည့်၍ မိမိ၏ အားကိုးရာ သခင်တစ်ယောက်ကဲ့သို့ဖြစ်သော မောင်ဘစော

mgyoe.com

mgyoe.com

သည် ပေါ်ပေါက်၍ လာလေမည်လား။ သူငါ့ကို သတိမှ ရပါဦး မလား။ ငါ သတိရသလို သူ့စိတ်ထဲမှာ ငါ့ကို သတိရရင် သူ နေနိုင်မှာ မဟုတ်ဘူး။ ကောန် ငါ့ဆီကို ပြန်လာမှာပဲ စသည်ဖြင့် တွေးတောရင်း မျက်ရည်ကလေး တလည်လည် နေလေ၏။ တစ်ရံတစ်ခါ ရန်ကုန်မြို့ကို သွားပြီး ဖခင်ကိုဖြစ်စေ၊ မောင်ဘစောကို ဖြစ်စေ တွေ့အောင် ရှာချင်သကဲ့သို့ စိတ်အကြံပေါ်၍ လာလေ၏။ သို့ပင် စိတ်အကြံပေါ်သော်လည်း ရန်ကုန်ဆိုသော မြို့ကြီးသည် ခင်မေ၏စိတ်၌ အမေရိကန်ပြည်ကြီးလောက် ဝေးကွာ၍နေသည့်ပြင် အဘယ်က သွား၍ အဘယ်သို့ ရောက်မည်ကို မတွေးနိုင် မကြံနိုင်အောင် ရှိလေ၏။ ထိုပြင်မှတစ်ပါးလည်း မိမိ၏ လက်မှာ ငွေကြေးမရှိသောကြောင့် အဘယ်ပုံ သွားရမည့်အရေးကို စိတ်ကူးရန်ပင် များစွာခက်ခဲလေ၏။

နုနယ်သော အကလေးမကလေး၏ ရင်ခွင်၌ ထိုမျှလောက် အပူမီးတောက်၍နေသော်လည်း ၎င်းကို ကျွေးမွေး၍ ထားရသူ ဆွေမျိုးညာတိတို့သည်ကား ၎င်းအပေါ်၌ များစွာ မသာကြည်သဖြင့် အမြဲလိုလိုရန်လိုသော အမူအရာဖြင့် အနည်းငယ်မျှသော အပြစ်ကလေးများ အတွက်ပင် ရက်စက်စွာပြောဆို ရိုက်နှက်တတ်ကြလေ၏။

ယင်းကဲ့သို့နေလေရာ တစ်လပြီး တစ်လ၊ တစ်ရာသီပြီး တစ်ရာသီ ကုန်လွန်၍ သွားလေ၏။ စိမ်းညိုမှိုင်းဝေအုံ့ဆိုင်းသော မိုးဦးကျလွမ်းစရာ ရာသီဖြစ်သော လများသည် တစ်စတစ်စ လွန်၍လာကြလေရာ ဝမ်းနည်းငြိုငြင် ပူပန်ဆင်းရဲခြင်းကို အထူးဖြစ်စေသော မိုးလယ်သို့ ရောက်လေ၏။ ခင်မေ၏ စိတ်၌ကား မောင်ဘစောကို မမေ့။ တစ်နေ့သ၌ မိမိထံကို ပြန်၍လာလိမ့်မည်ဟု မျှော်လင့်ကာ နေလေ၏။ တစ်စတစ်စ မိုးလများ ကုန်လွန်၍ အလွန်တရာ သာယာလှသော တော်သလင်း၊ သီတင်းကျွတ်လများသို့ ရောက်၍ လာပြန်လေရာ
mgyoe.com

mgyoe.com

မောင်ဘစောကို မမေ့။ ခြံထဲ၌ နှစ်ယောက်တည်း တွေ့ကြရသည်များကို သတိရကာ သာ၍ပင် ထင်ယောင်မြင်ယောင်ဖြစ်သောကြောင့် မောင်ဘစောကို တွေ့နိုးနိုး ထင်ယောင်မြင်ယောင်ဖြစ်ကာ ပွဲစားကြီး၏ ဥယျာဉ်သို့ တစ်ကိုယ်တည်း သွားရရှာလေ၏။ ယင်းကဲ့သို့ သွားရောက်ရာ ဥယျာဉ်ထဲသို့ ရောက်သည့်အခါများ၌ အလွမ်းသာပိုလျက် ငိုချင်ရက်လက်တို့ ဆိုသောစကားကဲ့သို့ အတူတကွ တွေ့ကြုံလေ့ရှိသောနေရာများကို မြင်ရသည့်အခါ မျက်ရည်များ စီးယို၍ ကျလေ၏။

ထိုကဲ့သို့ ဥယျာဉ်သို့လာပြီးနောက် အိမ်သို့ ပြန်သည့်အခါ မိမိကို ကျွေးမွေး၍ထားသော မိမိ၏ ဦးလေး ရွှေဖော့နှင့် မယားငွေရင်တို့က ဆဲဆိုရိုက်နှက်ခိုင်းစေလေရာ ထိုကဲ့သို့သော နေ့များ၌ အဘယ်လောက်ပင် မှောင်ကျ၍နေစေကာမူ အိမ်နှင့် ဝေးလံလျက် ညဉ့်အချိန် လူသွားလူလာမရှိ၊ ကြောက်စရာကောင်းလှသော ရေတွင်းတစ်ခုသို့ သွား၍ ရေကို သယ်ရလေ၏။

ညဉ့်အခါများ၌ ငွေရင်နှင့် ရွှေဖော့တို့အား ညဉ့်နက်သန်းခေါင်သို့တိုင်အောင် နင်းနှိပ်၍ ပေးရလေ၏။ စားရာ သောက်ရာ၌ ၎င်းတို့၏ အကြွင်းအကျန်ကို မဝတဝ စားရလေရော အိမ်နီးပါးချင်းများ၏ အခိုင်းအစေကို တစ်ဖက်တစ်လမ်း ခံရသဖြင့် ပိုက်ဆံကြေးစ တစ်ပြားတစ်ချမ်းကို ရသည့်အခါ တစ်ကိုယ်တည်း မုန့်ပဲသရေစာကို တိတ်တဆိတ် ဝယ်ခြမ်းစားမိလေ၏။ ထိုကဲ့သို့ စားသည့်အခါ အိမ်က ပိုက်ဆံကို ခိုးသည်ဟု ပြောဆိုဆဲရေး ရိုက်နှက်ခြင်းများကို ခံရလေ၏။

နွေဥတုရာသီများ ကုန်လွန်၍ သွားလတ်သောအခါ ပန်းရနံ့တို့နှင့် မွှေးကြိုင်သင်းပျံ့သော ဆောင်းဦးပေါက်စ အချိန်သို့ ရောက်၍လာပြီးသျှင် လာလေ၏။ အလွမ်းသည်သာလွန် လေးနက် ထူးကဲပိုမို၍ လာပြီးသျှင် နင်းတွေ ပိတ်လွှင်ထူထပ်သော ဆောင်းလယ်သို့ ရောက်ပြန်သော

mgyoe.com

အခါ အလွန်တရာမှ ကြီးလှစွာသော ဆင်းရဲငြိုငြင်ခြင်းတို့ကို ကြုံတွေ့ရလေ၏။

တစ်နေ့သ၌ ခင်မေသည် ပွဲစားကြီး၏ ခြံသို့ သွားပြီးလျှင် တစ်ကိုယ်တည်း ထိုင်ကာ ငေးမှိုင်လျက် နေလေ၏။ ထိုကဲ့သို့နေခိုက်တွင် မိမိနှင့် မနီးမဝေး နေရာတစ်ခုတွင် ခြေသံကို ကြားရသောကြောင့် လှည့်၍ ကြည့်လိုက်လေရာ ပွဲစားကြီးကို မြင်ရလေလျှင် မိမိ၏ ခြံထဲကို ဝင်သည့်အတွက် ဆိုလိုက် ပြောလိုက်လေမည်လားဟု တွေးတောကာ ကြောက်ရွံ့ရှာသောကြောင့် ကွယ်ရာထောင့်ရာမှ နေပြီးလျှင် စီးစောင်းကြည့်ရှုနေလေ၏။

ပွဲစားကြီးသည် တောင်မြောက်လေးပါးကို ကြည့်ရှုရင်း လာလေရာ ခင်မေ၏ အပါးသို့ ရောက်လာလေ၏။ သို့သော်လည်း ခင်မေကို မမြင်ဘဲ သစ်ပင်များကို ကြည့်၍နေလေရာ ခင်မေသည် ကွယ်ရာမှ ထွက်၍ ရှောင်ရှားပြေးမည်အကြံတွင် ခြေကို လှမ်းလိုက်လေရာ သစ်ရွက်ခြောက်များကို နင်းမိသဖြင့် ပွဲစားကြီးသည် နောက်သို့လှည့်ကာ ကြည့်လိုက်လေ၏။ ခင်မေသည် မပြေးနိုင်ဘဲ ပွဲစားကြီးနှင့် ရင်ဆိုင်တွေ့၍ နေလေ၏။

ကံ ။ ။ "ဟဲ့ နင်ဘယ်သူလဲ"

ခင် ။ ။ "ကျွန်မ အပျင်းပြေ လာလည်နေပါတယ် ဘကြီးရဲ့"

ကံ ။ ။ "နင် ... ဘယ်သူ့ကို စောင့်နေသလဲ"

ခင် ။ ။ "ဘယ်သူ့ကိုမှ မစောင့်ပါဘူး။ ကျွန်မ ပျင်းလို့ လာတာပါ"

ကံ ။ ။ "ပျင်းရင် အဖော်အလှော် ပါရမပေါ့"

ခင် ။ ။ "ကျွန်မ တစ်ယောက်တည်းပါ။ ကျွန်မ သူငယ်ချင်း တစ်ယောက်ကို အောက်မေ့လို့ လာပါတယ်"

mgyoe.com

mgyoe.com



ကံ ။ ။ "မင်း သူငယ်ချင်းက ဘယ်သူတဲ့တုန်း။ ဟိုဘက် အနားက မာလကာပင်ဟာလား။ သွား ... အခုသွား"

ခင် ။ ။ "မဟုတ်ပါဘူး။ ကျွန်မ သူငယ်ချင်းဟာ ကိုဘစောလို့ ခေါ်ပါတယ်။ သည်ခြံထဲမှာ အရင်က သူနဲ့ ကျွန်မနဲ့ ကစားနေကျပါ"

ထိုအခါ ပွဲစားကြီးသည် သူငယ်မကလေး၏ မျက်နှာအနီးသို့ ကပ်ကာ ကြည့်လျက် "နင် ... ဘယ်သူ ဘယ်ဝါရဲ့ သမီးလဲ။ နင် ဗမာ မဟုတ်ပါကလား" ဟု အမျက်ဒေါသ ကင်းရှင်းသောအသံနှင့် မေးလေ၏။

ခင် ။ ။ "ကျွန်မ ဖေဖေက အင်္ဂလိပ်ပါ။ ကိုဘစော ပြန်ပြီး မလာ တော့ဘူးလား"

ကံ ။ ။ "နင် ငါ့သားနဲ့ ဘာများ ဖြစ်ဖူးသလဲ"

ခင် ။ ။ "ဘာမှ မဖြစ်ဖူးပါဘူး။ ကျွန်မတို့ အတူတူ သည်ခြံထဲ မှာ ကစားဖူးတာပါပဲ"

ထိုအခါ ဦးကံကြီးသည် သူငယ်မကလေးကို အတန်ကလေး ကြာစွာ စိုက်ကာကြည့်၍နေရင်း အသံတုန်တုန်နဲ့ "သည်အကောင် အကြောင်းကို မပြောနဲ့ဟဲ့ မိန်းကလေး။ သည် ခွေးမသားဟာ လာမှာ မဟုတ်ဘူး။ မင်းကို သူ ဘယ်နဲ့များ လုပ်ပြီး သွားသလဲ"

ခင် ။ ။ "ဘယ်နဲ့မှ မလုပ်ပါဘူး ဘကြီးရဲ့"

ထိုအခါ ပွဲစားကြီးသည် ခင်မေ၏ အပါးသို့ ကပ်ကာ ခင်မေ၏ ဦးခေါင်းကို ကိုင်လျက် မင်းနဲ့သူနဲ့ အတူတူ ကစားဖူးကြသလား။ အခု အင်မတန်ဘဲ အောက်မေ့သလား။ အောက်မေ့ရင် သည်ခြံထဲကို မလာနဲ့။ ဘကြီးတို့ဆီကို လာနော်။ ကိုင်း ... ဘကြီး သွားမယ်။ မင်း ပျော်သလို နေကွဲ့။ ပျော်သလိုနေဟု ပြောဆိုပြီးလျှင် ထွက်သွား

mgyoe.com

mgyoe.com



လေ၏။

ထိုနေ့မှစ၍ ခင်မေသည် အားလပ်သည့်အခါတိုင်းမှာပင် ပွဲစားကြီးနှင့် ပွဲကတော်ကြီးအိမ်သို့ သွားပြီးလျှင် မောင်ဘစော၏ အကြောင်းများကို အတူတတွ ပြောဆိုကာသာ နေကြလေ၏။ ပွဲစားကြီးနှင့် ပွဲကတော်ကြီးတို့သည်လည်း မောင်ဘစောကို မောင်အရင်းမျှမက ချစ်ခင်တမ်းတရှာသော ခင်မေအပေါ်၌ သမီးကလေးလို အောက်မေ့ကာ ချစ်ခင်ကြင်နာ၍ သနားကာသာ နေကြလေ၏။

■

mgyoe.com

mgyoe.com

# အခန်း [ ၆ ]

ယင်းကဲ့သို့ နေကြလေရာ ပွဲစားကြီးနှင့် ပွဲကတော်တို့မှာ မောင်ဘစောသွားသည့်နေ့ကစပြီး တဖြည်းဖြည်း စီးပွားဥစ္စာ ဆုတ်ယုတ်ကာ လူလိမ်လူကောက်များကို ခံရလျက် မောင်ဘစောရှိစဉ်အခါကကဲ့သို့ စီးပွားလမ်း မဖြောင့်သဖြင့် မောင်ဘစောမရှိသည့်အတွက် မိမိတို့မှာ ဤကဲ့သို့ ဖြစ်ရသည်ဟု စိတ်ထဲ၌ မှတ်ထင်၍ နေကြလေ၏။

ခင်မေမှာလည်း တစ်နေ့သော်လည်း ပေါ်လာနိုး၊ တစ်လသော်လည်း ပေါ်လာနိုးနှင့် မျှော်ကိုး၍ နေခဲ့လေရာ နှစ်၊ လ အတန်ကြာမပေါ်လာဘဲနေသောအခါ ပူပန်သောကရောက်လောက်အောင် လွမ်းဆွတ်တောင်းတသော အချစ်သည် တစ်စတစ်စ ဆုတ်ယုတ်နည်းပါးခြင်းအဖြစ်သို့ ရောက်လေ၏။ ထိုအခါ ခင်မေမှာ အရွယ်ရောက်စပြုသဖြင့် အပျိုကလေးတစ်ယောက်ဖြစ်၍ လာလေရာ အလွန်တရာလှပသော မိန်းကလေးတစ်ယောက်ဖြစ်၍ လာလေ၏။

mgyoe.com

mgyoe.com


တစ်နေ့သ၌ နံနက်ခင်းအချိန်တွင် ခင်မေသည် ရေကိုသယ်၍ လာလေရာ မိမိ၏နောက်၌ မြင်းခွာသံကို ကြားရလေ၏။ ၎င်း မြင်းခွာသံကို ကြားရသဖြင့် နောက်သို့ လှည့်၍ ကြည့်လေရာ ဥရောပတိုင်းသားတစ်ယောက်သည် မြင်းစီးအဝတ်အစားတို့ကို ဝတ်လျက် အပါးသို့ မြင်းနှင့် ရောက်လာသည်ကို တွေ့မြင်ရလေလျှင် ခင်မေသည် ထိတ်လန့်လျက် လမ်းနံဘေးသို့ ရှောင်တိမ်း၍ နေလေ၏။ ၎င်း ဘိလပ်သားသည် ခင်မေ၏ အပါး၌ မြင်းကို ဆွဲ၍ ရပ်ကာ "ဟော့ ... ကောင်မကလေး မင်း ဘယ်မှာ နေသလဲ"ဟု မေးလေ၏။

ခင်မေသည် မိမိ၏ ဖခင်များဖြစ်လေသလားဟု မျက်နှာကို သေချာစွာကြည့်လေရာ ထိုဘိလပ်သား၏ မျက်နှာ၌ ဖခင်ကဲ့သို့ ချစ်သော မျက်နှာထားကို မတွေ့ရ။ ချေသငယ်ကို ကိုက်ခဲစားမျိုချင်သော ကျားငစဉ်းလဲ၏ မျက်နှာမျိုးကို မြင်ရသဖြင့် လွန်စွာ ထိတ်လန့်ခြင်း ဖြစ်လေ၏။ အကြောင်းမူကား ထိုဘိလပ်သားသည် ထိုကဲ့သို့သော အရပ်မျိုးသို့ ရောက်လာတတ်သော အရာရှိအချို့တို့နှင့် အလားတူစွာ "သူတောင်းစား ထမင်းဝ"အရာရှိမျိုး တစ်ယောက်ဖြစ်လျက် မိမိ၏ ကိုယ်ကို အတုမရှိ ပုဂ္ဂိုလ်တစ်ယောက် မှတ်ထင်ကာ မိန်းကလေးလှလှကို မြင်လျှင် ငါနှင့်သာထိုက်သည်ဟု အစွဲပြုသော အင်စပိတ်တော် တစ်ယောက် ဖြစ်လေ၏။ "ဖွတ် မိကျောင်းဖြစ် မြစ်မချမ်းသာ" ဟူသော စကားကဲ့သို့ မိမိတို့တိုင်းပြည်၌နေစဉ် လူထဲကို မဝင်ရသဖြင့် အကောင်းအဆိုးကို မခံစားခဲ့ရသော ဘိလပ်သားအချို့တို့သည် မြန်မာပြည် ဧရာဝတီမြစ်အနီးသို့ရောက်၍ လာကြသောအခါ အရသာကို ခံစားကြလျက် ခံစား၍ မဝနိုင်ဘဲ ထိုအရသာကိုသာ မိန်းကာ မေ့ကာ မြို့ကာ စုပ်ကာ ခံစား၍ နေဖို့ရန် ကြံစည်၍ နေကြလေ၏။

ထိုအင်စပိတ်တော်သည် ရှောင်ရှားသော ခင်မေ၏ ရှေ့၌ မြင်းနှင့်

mgyoe.com

m·gyoe.com



ကာဆီး၍ကပ်ကာ ခင်မေအား မေးမြန်းလေရာ ရဲတင်းစော်ကားသော ဘိလပ်သားကို ခင်မေသည် မုန်းထားလျက် လွတ်အောင်ရှောင်ရှား အခြားလမ်းဖြင့် အိမ်သို့ ပြန်လေ၏။ အင်စပိတ်တော်သည်ကား ၎င်း ခင်မေ အဘယ်ကို သွား၍ အဘယ်ကို ဝင်သည်ကို သတိပြုကာ ကြည့်၍ လိုက်လာလေ၏။

ထိုနေ့ညနေ၌ ၎င်း အင်စပိတ်တော်သည် ခင်မေ၏ အိမ်ရှေ့သို့ ရောက်လာပြီးလျှင် ၂ ခါ ၃ ခါ လမ်းလျှောက်ပြီးနောက် အိမ်ကို ဝင်လေ၏။ ခင်မေသည်ကား အိမ်နောက်ဖေးသို့ ရှောင်ရှားကာ မိမိ၏ ဦးလေးသည် မိမိကို တစ်ခါတည်း အင်စပိတ်တော်အား ထိုး၍ အပ်ပေတော့မည်လားဟု တွေးတောထိတ်လန့်ကာသာ နေလေ၏။

အတန်ကြာကြာကြီး စကားပြောဆိုပြီးမှ အင်စပိတ်တော်မင်း ထွက်၍ သွားလေရာ ဦးလေးနှင့် အဒေါ်တို့သည် ခင်မေကို ခေါ်ကြလျက် အထက်ထက်ကနှင့် မတူ အထူးကြည်ဖြူ ချစ်ခင်သော အမူအရာနှင့် စကားပြောဆိုကာ ခင်မေအား နားချကြလေရာ ခင်မေသည် စကားပြန်၍ မပြောဘဲ နေလေ၏။

ထိုနေ့မှစ၍ ခင်မေရှိရာသို့ အင်စပိတ်တော်သည် ၂ ရက်၊ ၃ ရက် ဆက်လက်၍ လာရာ တစ်နေ့သ၌ ဦးလေး၊ အဒေါ်တို့သည် မျက်နှာလွှဲရှောင်ရှားကာ ခင်မေကို အိမ်၌ အင်စပိတ်တော်နှင့်အတူ ထားရစ်ကျလေ၏။

ခင်မေသည် အိမ်အတွင်းခန်း၌ စိတ်လက်မသာယာများစွာ ငြိုငြင်ပူပင်ကြောက်ရွံ့ရှာလျက် တစ်ယောက်တည်း အိပ်ရာထဲတွင် လှိမ့်၍ နေလေ၏။ အပြင်၌ ဦးလေးနှင့် အဒေါ်သည် အင်စပိတ်တော်နှင့် အတူ စကားပြော၍ နေသည်ဟု မှတ်ထင်လေ၏။ အတန်ကလေး ကြာသောအခါ အခန်းတွင်းသို့ လှည့်ဝင်၍လာသော ခြေသံကို ကြားရ

m·gyoe.com

mgyoe.com

သောအခါ မိမိကို နားချရန်လာသော အဒေါ်၏ ခြေသံဖြစ်သည်ဟု မှတ်ထင်ကာ အိပ်ပျော်ဟန်ဆောင်၍ နေလေ၏။ အပါးသို့ ခြေသံရောက်ခါမှ မျက်လုံးများကို ဖွင့်၍ ကြည့်လေသောအခါ မိမိ၏ အပါး၌ ဒူးတစ်ဖက်ကို ချကာ တစ်ဖက်ဒူးကို ထောင်ကာ နွားသေကောင်ကို စားရန် မာန်ဖီ၍နေသော ကျားနှင့်တူလှသော အင်စပိတ်တော်၏ မျက်နှာကို မြင်ရလေရာ "အမယ်လေးတော့"ဟု ထိတ်လန့်ကာလူးပြန်၍ထပြီး အခန်း၏ထောင့်သို့ ပြေးကပ်၍ ခိုလေ၏။ မိမိ၏ ဦးလေးနှင့် အဒေါ်သည် အဘယ်ပုံ စီမံလိုက်ကြသည်ကို ရိပ်မိတော့သည် ဖြစ်သောကြောင့် ခိုကိုးရာမရတော့သည်ဖြစ်သော မိမိ၏ အခြေအနေကို ကောင်းစွာ သိရှိလေ၏။

အင်စပိတ်တော်သည် ရုတ်တရက် အံ့အားသင့်ကာ ခင်မေ၏ အပါးသို့ ကပ်သွားပြီးလျှင် "မင်း နာမည် မခင်မေ ခေါ်တယ် မဟုတ်လား"ဟု မေးလေ၏။ ခင်မေသည်ကား စကားပြန်၍ မပြောနိုင်ဘဲ တုန်လှုပ်ကြောက်ရွံ့သော မျက်နှာနှင့် ၎င်းကိုသာ ကြည့်၍ နေလေ၏။ ထိုအခိုက်တွင် လေများသည် အတော်ပြင်းထန်စွာ ကျလျက် ခင်မေမှာ အော်ခြင်း ခေါ်ခြင်းများကိုပင် ပြုစေကာမူ မည်သူမျှ ကြားမည့် လက္ခဏာ မရှိ။ ကြားစေကာမူလည်း မည်သူမျှ မလာနိုင်။ အင်စပိတ်တော်မှာ မိမိ၏ အကြံအောင်၍ အလိုပြည့်ဖို့ရန် များစွာ လွယ်ကူ၍ နေလေ၏။

အင်စပိတ်တော်သည် ခင်မေ၏ ရှေ့တွင် ကပ်ကာ ရပ်လျက် မခင်မေ "မင်း ဘာပြုလို့ ကြောက်သလဲ။ ရှေ့လက်ကောက် မဝတ်ချင်ဘူးလား"ဟု ပြောလေ၏။

ခင်မေသည် ခေါင်းခါလျက် "သခင် သွားပါ။ ကျွန်မ အခန်းထဲကို မဝင်ပါနဲ့"

mgyoe.com

mgyoe.com


အင်စပိတ်တော် ။ ။ "မင်း စိန်နားကပ်ကြီးကြီး ဝတ်ရမယ်။ မင်း ကတော်ကလေး လုလှ လုပ်ရမယ်။ အိမ်ကောင်းကောင်းမှာ နေရမယ်။ အခု မင်း ဆင်းရဲတယ် မဟုတ်လား"ဟု ပြောကာ ဘောင်းဘီအိတ်ထဲမှ ရွှေဒင်္ဂါး ၂ ပြားကို ထုတ်ကာ ခင်မေ၏ လက်ကို ဆွဲယူ၍ ထိုရွှေဒင်္ဂါးများကို လက်ထဲသို့ ထည့်လေ၏။ ခင်မေသည်ကား ရွှေဒင်္ဂါးများကို ဆုပ်ကိုင်ခြင်း မပြုဘဲ မိမိ၏ ရှေ့ ဖျာကြမ်းပေါ်သို့ လွှတ်ကာချလိုက်ပြီးလျှင် "ကျွန်မကို မကောင်းတဲ့ မိန်းမ မှတ်လို့လား။ သခင်က အင်စပိတ်တော်ပါ။ ကျွန်မက ရာဇဝတ်ဝန်ထောက် သမီးပါ။ ကျွန်မ အဖေသာရှိရင် ရှင်သည်လို ကျွန်မကို မကြံဝံ့ပါဘူး။ ကျွန်မ ရှင့်ကို မကြိုက်ဘူး သွားပါ။ ကျွန်မ လက်ကို ရှင်ဘာပြုလို့ ကိုင်ရသလဲ"ဟု ပြောပြီးလျှင် ကြောက်စိတ်များကို နောက်၌ထားကာ လက်သီးများကို ဆုပ်လျက် အင်စပိတ်တော်မျက်နှာကို စိမ်းစိမ်းကြည့်၍ ပြောလေလျှင် အင်စပိတ်တော်သည် ၎င်း၏ မျက်နှာ၌ ခန့်ညားသောကျက်သရေကို တွေ့မြင်ကာ ဤမိန်းမသည် သာမန်မျှသော မိန်းမတို့ကဲ့သို့ လွယ်ကူစွာ သွေးဆောင်၍ မရနိုင်မကြောင်းကို သိလျက် နောက်သို့ ဆုတ်လေ၏။

အင်စပိတ်တော် ။ ။ "မခင်မေ မင်းကို မကောင်းတဲ့ မိန်းမလို့ ကျုပ်

mgyoe.com

mgyoe.com


မအောက်မေ့ပါဘူး။ မင်း ဆင်းရဲလို့ ပေးတာပါ။ မင်း ဆင်းရဲနေတာကို မြင်လို့ ချမ်းသာအောင် ကျုပ်က ကယ်ချင်ပါတယ်။ မင်း စဉ်းစားကြည့်ပါ။ မင်း မကြိုက်ရင် လက်နဲ့မထိပါဘူး"ဟု ပြောပြီး ပြုံးရယ်ကာ ရွှေဒင်္ဂါးများကို ကုန်း၍ ကောက်ယူပြီးလျှင် ခင်မေအား ထပ်မံ၍ ပေးလေသည်။

ခင်မေသည် ၎င်းကို မကြည့်ဘဲ နေလေရာ အင်စပိတ်တော်သည် ရွှေဒင်္ဂါးများကို မိမိ၏ အိတ်ထဲသို့ ပြန်၍ထည့်ရင်း ပြုံးရယ်ကာ နောက်မှ တဖြည်းဖြည်း အေးအေးကြဲဖို့ရန် စိတ်အကြံနှင့် ထွက်သွားလေ၏။

■

mgyoe.com

mgyoe.com

# အခန်း [ ၇ ]

ထိုနောက် ဦးလေးနှင့် အဒေါ်သည် ခင်မေအား နုတစ်ခါ ကြမ်းတစ်လှည့် ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် အတန်တန် နားချလေရာ ခင်မေသည်ကား စိတ်မပါသောကြောင့် အင်စပိတ်တော်ထံမှ ငွေကြေး ၂၀၀၊ ၃၀၀ ကို ရဖို့ရန် လာဘ်ကိုမျှော်လျက် ခင်မေကို အတင်း အင်စပိတ်တော်အား ပေးအပ်ဖို့ရန် အကြံပြုကြလေ၏။ ထိုကဲ့သို့ အကြံပြုကြောင်းကို ခင်မေ ရိပ်မိသောအခါ မိမိမှာ အင်စပိတ်တော်၏ လက်ထဲမှ လွတ်မည်မဟုတ်ဟု စိတ်၌ မှတ်ထင်ယုံကြည်ကာ မိမိ၏ အဒေါ်နှင့် ဦးလေးအား အင်စပိတ်တော်ကို ယူပါတော့မည်ဟု အတိအလင်း ဝန်ခံလေ၏။ ထိုအခါ ရွှေဖော့နှင့် ငွေရင်သည် လွန်စွာပင် ဝမ်းမြောက်ကြလျက် ခင်မေ၏ အပေါ်တွင် အလွန်တရာ အလေးဂရုပြုကြလေ၏။ ထိုအခါ၌ အင်စပိတ်တော်မှာ နယ်ကို ထွက်၍နေရသောကြောင့် ရွှေဖော့နှင့် ငွေရင်တို့သည် အင်စပိတ်တော် ရောက်လာ

mgyoe.com

mgyoe.com

မည့်ရက်ကို လက်ချိုးကာ ရေတွက်၍ နေကြလေ၏။

ငွေရင်သည် ခင်မေကို အထူးဂရုပြုလေ၏။ ဆံပင်များကို ဖြီး၍ပေးခြင်း၊ သန်းရှာ၍ ပေးခြင်းအလုပ်များကို ငွေရင်သည် အဘယ်အခါမှ ပြုလေ့မရှိဘဲလျက် ယခုအခါ ခင်မေအား အလွန်ချစ်လှစွာသော သမီးပမာ ယုယပြုစုရှာလေ၏။

"ညည်းမှာ မိဘမရှိဘူး။ ငါတို့ပဲ အမိ၊ ငါတို့ပဲ အဖ၊ ညည်းကို ငယ်ငယ်ကလေးက ကြည့်ရှုပြုစုလာခဲ့တာပါ။ သည်တော့ တူမဆိုပေမယ့် သမီးအရင်းပါပဲ။ ဆင်စီးလို့ မြင်းရံတာကိုသာ မြင်ချင်တာပေါ့။ ဆင်နင်းလို့ မြင်းကန်တာကို မမြင်ချင်ဘူး။ သည်အတွက် သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းခိုရတယ်ဆိုတာလို တစ်မိသားစုထဲမှာ တစ်ယောက်ထွန်းရင် အားလုံး ဂုဏ်ရှိဖို့ပါပဲ။ နောင်အခါကျတော့ ညည်း ကျေးဇူးသိချင်ရင် သိတာပေါ့။ ငါတို့မှာတော့ကာ ညည်းကောင်းစားတာကို မြင်ရရင် ဝမ်းသာတာပါပဲ။ ညည်းတို့ ပစ္စည်းကို စားချင် သုံးချင်လို့ မဟုတ်ပါဘူး။ အင်စပိတ်တော်ကလေးကလည်း အဟုတ် မေတ္တာရှိတာပါ။ အပျော်အပါး သဘောထားတာ မဟုတ်ပါဘူး။ ညည်း မြန်မာအစစ်မဟုတ်ဘူးဆိုတာကို သူ အသိဖြစ်တော့ သူတို့ လူမျိုးချင်း ယူရသလို သူ့စိတ်ထဲမှာ အောက်မေ့တာနဲ့ တူပါတယ်။ မမိုက်နဲ့ တူမ။ ဆံထုံးရှိရင် သျှောင်ရှိမှ တင့်တယ်တာကလား။ ငါတို့က ချမ်းသာလို့ဖြစ်ရင် တစ်သက်လုံး လင်မယူဘဲ နေနေ၊ သူတစ်ပါး မျက်စောင်းမထိုးဝံ့အောင် ထားနိုင်ပါတယ်။ အခုတော့ တောင်မင်း မြောက်မင်း မကယ်နိုင်ဆိုတာလို ဖြစ်နေကြတဲ့အခါကလား တူမရဲ့"ဟု ပြောလေ၏။

ခင်မေသည်ကား အဒေါ်တို့ စီမံရာကို လိုက်နာပါမည်ဟူ၍သာ အာမခံရရှာလေ၏။

mgyoe.com

mgyoe.com


နောက်ဆုံး၌ အင်စပိတ်တော် ဆိုက်ရောက်၍ လာမည်ဖြစ်သော နေ့သည် ကပ်ရောက်၍ လာလေ၏။ နက်ဖြန်ကာ မြို့သို့ပြန်၍ ရောက်တော့မည်။ ပြန်၍ရောက်လျှင် ခင်မေထံသို့ ဇကန်လာတော့မည်။ ထိုနေ့၌ ခင်မေသည် နတ်တင်ခြင်းကို ဧကန်ခံရတော့မည် စသည် အကြောင်းတို့ကို ခင်မေသည် တွေးတောကာ တထိတ်ထိတ် နေရှာလေ၏ ။

မိမိ၏ စည်ကားဆူဖြိုးသော ကိုယ်ခန္ဓာ အသွေးအသား အင်္ဂါ ခြေလက်တို့သည် သန့်ရှင်းစင်ကြယ် သစ်လွင်သော မွေ့ရာနှင့် တူ၏။ မကြာမီ ထိုမွေ့ရာသည် ပျော့ဖတ်နွမ်းနယ်ခြင်းအဖြစ်သို့ ဧကန် ပင် ရောက်ရပေတော့မည်။ ထိုအင်စပိတ်တော်သည် အစာငတ်သော ကျားနှင့်တူ၏။ မိမိအား ညှာတာထောက်ထား သနားသော စိတ်ကို ထားမည် မဟုတ်။ အသွေးကို မဝမချင်း စုပ်တော့မည်။ ကျွဲ နွား ၏ ပေါင်၌ ကပ်တွယ်သော မျှော့သည် အသွေးကို ဝသည့်အခါ လိမ့်လန် ၍ ကျသည့်ပမာ ထိုမျှော့သတ္တဝါ အင်စပိတ်တော်သည် လိမ့်တန်၍ ကျသည်တိုင်အောင် ငါ၏ အသွေးတို့ကို ဧကန်ပင် စုပ်ယူရန် လာချေ တော့မည်တကား။ ဤဖောင်းလျက်ရှိသော ခြေလက် တင်ပါးတို့သည် ပါးလျှပ်၍ သွားသည့်အခါ ထိုမျှော့သည် အဘယ်နွား၏ ပေါင်ကို သွားရောက်၍ တွယ်ဦးမည်နည်း စသည်ဖြင့် နုနယ်ယိုယွင်းပျက်စီး ခြင်း၏ အဆုံးကို ခင်မေသည် ကောင်းစွာမြင်မိရှာလေ၏။ ဤ ကိုယ် ခန္ဓာသည် ယိုယွင်းခန်းခြောက်ခြင်း အဖြစ်သို့ ရောက်သည့်အခါ အတွေ့ကို လိုက်စားမိသော စိတ်ဝါသနာမှာ ခန်းခြောက်ခြင်းမရှိဘဲ ပျက်စီးခြင်းနွံထဲတွင် အလဲလဲအပြန်ပြန် အတန်တန် နစ်မွန်း၍ နေရ ပေတော့မည်။ လူသွေးကို မြည်းမိသော သားရဲသတ္တဝါသည် လူသွေး ကို ဂလပ်မံတောင်းတသည်အလား ယောကျ်ားတည်းဟူသော အတွေ့

mgyoe.com

ကို ခံစားရသော အရေအသား အကြောတည်းဟူသော သားရဲတို့သည် ထိုအတွေ့အရသာတည်းဟူသော ရမက်ဆားငန်ရေကို တပ်မက်၍ ဝတော့မည် မဟုတ်ချေ စသည်ဖြင့် ခင်မေသည် တစ်ကိုယ်တည်း တွေးတောကာ မိမိ၏ စိတ်ကို မနိုင်ဘဲ နေလေ၏။

ထိုနေ့ညဥ့်၌ ၁၀ နာရီခန့်အချိန် ခင်မေသည် မိမိ၏ ဦးလေးနှင့် အဒေါ်များ အိပ်၍ ပျော်ကြသောအခါ တစ်ကိုယ်တည်း အိပ်ရာမှ ထပြီးလျှင် တိတ်ဆိတ်စွာ အိမ်မှ ဆင်းပြီး ထွက်သွားလေ၏။ ထိုအခါ မှောင်မိုက်သော ညဥ့်ဖြစ်သဖြင့် ခင်မေသည် အလွန်တရာမှ ထိတ်လန့်ကြောက်ရွံ့သော်လည်း စွန့်စားကာ သွားလေရာ မကြာမီ ပွဲစားကြီး၏အိမ်သို့ ရောက်သွားလေရာ အိမ်မှာ တံခါးပိတ်လျက် အတွင်းမှ မီးရောင်ကို မမြင်ရ။ အတွင်းအပြင် မှောင်ကျ၍နေသည်ကို တွေ့ရလေ၏။ အတန်ငယ်ကြာစွာ အပြင်၌ ရပ်ဆိုင်း၍နေပြီးမှ "ဦးကြီး ... ဦးကြီး ... အရီး" ဟု ခေါ်လေ၏။ ထိုအခါ ပွဲစားကြီး အိပ်၍ မပျော် သေးသည်နှင့် အခန့်သင့်ကြုံကြိုက်သောကြောင့် "ဟဲ့ ... ဘယ်သူလဲ" ဟု မေးသံကို ကြားရလေရာ ခင်မေက "ကျွန်မပါ ... ဦးကြီးရဲ့ မခင်မေ ပါ။ ကျွန်မကို ကယ်ပါ"ဟု အသံကလေး တုန်တုန်နှင့် ပြောလေ၏။

ပွဲစားကြီးသည် တံခါးကို ဖွင့်၍ ခင်မေကို မြင်သောအခါ "ဟဲ့ ကလေးမ၊ ဘယ်နှယ့် ဖြစ်လာတာလဲ"ဟု အံ့အားသင့်သော လက္ခဏာနှင့် မေးပြီး ခင်မေ အတွင်းကို ရောက်သည်နှင့်တစ်ပြိုင်နက်တည်း တံခါးကို ပိတ်လေ၏။ ခင်မေသည် အတွင်းသို့ ရောက်သောအခါ အကျိုးအကြောင်း အဖြစ်အပျက်တို့ကို အကုန်အစင် ပြောပြလေရာ ပွဲစားကြီးနှင့်တကွ အိပ်ရာမှ ထ၍လာသော ပွဲကတော်ကြီးသည် ကြင်နာသနားသော လက္ခဏာနှင့် နားထောင်ကြလေ၏။
mgyoe.com

mgyoe.com



ပွဲကတော် ။ ။ "နို့ ... အခု ဘယ်နှယ့် လုပ်မလဲ သမီး၊ ဘယ်ကို ပြေးမလဲ"

ခင် ။ ။ "ကျွန်မ ရန်ကုန်ကို ပြေးပြီး ကိုဘစောကို ဖြစ်ဖြစ်၊ ဖေဖေကိုဖြစ်ဖြစ် တွေ့အောင် ရှာချင်တယ်။ အရီးတို့ ကူညီရင် အထမြောက်မှာပဲ"ဟု ပြောလေရာ ...

ပွဲစားကြီးနှင့် ပွဲကတော်ကြီးသည် တိုင်ပင်လျက် မောင်ဘစော ကိုပဲတွေ့ရစေတော့ မောင်ဘစောထံမှ သတင်းကိုပဲ ကြားရစေတော့ဟု သဘောပိုက်ကာ စရိတ်စကပေး၍ လွတ်ရာလွတ်ကြောင်း ပြေးဖို့ရန် အရေး၌ ကူညီရန် ကတိပေးထားပြီး နံနက်မိုးလင်းသောအခါ ခင်မေ သည် ပြေးဖို့ရန် ပြင်ဆင်၍ နေလေ၏။ ထိုကဲ့သို့နေခိုက်တွင် အိမ်ရှေ့ မှ အသံများကို ကြားကြရသဖြင့် ထွက်၍ကြည့်ကြလေရာ အင်စပိတ် တော်နှင့် တကွ ရွှေဖော့နှင့် အခြားလူများရောက်လာကြသည်ကို မြင် ရသောအခါ ပွဲစားကြီးနှင့် ပွဲကတော်ကြီးသည် လွန်စွာထိတ်လန့်ကြ လျက် ခင်မေကို ထိုး၍ အပ်ကြရလေ၏။

ခင်မေသည် မလိုက်လိုကြောင်းနှင့် အတင်းခုခံ ငြင်းဆန်လေရာ အင်စပိတ်တော်က ပွဲစားကြီးနှင့် ပွဲကတော်ကြီးတို့ကို ခြိမ်းခြောက်ကြိမ်း မောင်းသဖြင့် အလွန်တရာ ကြောက်ရွံ့ကြလျက် ခင်မေကို ချော့မော့ ကာ ထည့်လိုက်ကြရလေ၏။

ခင်မေသည်ကား ၎င်းတို့နှင့်အတူ မသွားဘဲ နောက်ဖေးလမ်း မှ တစ်ကိုယ်တည်း အိမ်ကို သွားပြီးလျှင် အခန်းထဲမှ မထွက်ဘဲ ခုခံ ငြင်းဆန်၍ နေလေ၏။ ထိုနေ့မှစ၍ ဦးလေးနှင့် အဒေါ်သည် ခင်မေ ကို ရိုက်နှက်ဆဲဆိုကာ ခြိမ်းခြောက်သွေးဆောင်ကြလေရာ ခင်မေ၏ စိတ်မှာ ကျောက်တိုင်ပမာ ခိုင်မာ၍နေသောကြောင့် မတတ်နိုင်ကြတော့ သည်ဖြစ်လေရကား အင်စပိတ်တော်ထံ၌လည်း မျက်နှာမရ။ အရပ်

mgyoe.com

mgyoe.com



ကလည်း ကဲ့ရဲ့ရှုတ်ချကြသဖြင့် ထိုနေ့မှစ၍ ခင်မေကိုသာ နှိပ်စက် ညှဉ်းပန်းကြလျက် အလုပ်ကို အဆမတန် ခိုင်းစေကြလေ၏။ ခင်မေ သည်ကား ပြေးဖို့ရန် အချက်ကိုသာရှာ၍ ညဥ့်အခါ၌ပင် ကောင်းစွာ မအိပ်နိုင်ဘဲနေလေရာ အအိပ်အစားပျက်လျက် အလုပ်အကိုင် ပြင်း ထန်သောကြောင့် ပိန်ချုံးညှိုးငယ်ကာ သွေးလေ ချောက်ချားပြီးလျှင် သည်းခြေများ နောက်သကဲ့သို့ ဖြစ်၍ နေလေ၏။ အကြောင်းမူကား မိမိကို အမြဲနှိပ်စက် ဆဲဆိုရိုက်နှက်သော ဦးလေး အဒေါ်တို့နှင့် နေရ ခြင်းသည် ထိတ်လန့်ကြောက်ရွံ့စရာ၊ မကောင်းဆိုးဝါးများနှင့် နေရ ဘိသကဲ့သို့ ၎င်းတို့၏ မျက်နှာကို မြင်ရလျှင် နေစရာ ရှာ၍ မရသကဲ့ သို့ ဖြစ်၍ နေရှာလေ၏။ အဝတ်အစားမှာလည်း အစုတ်စုတ် အပြတ် ပြတ်၊ အစားအသောက်မှာ အငတ်ငတ် အမွတ်မွတ်၊ အလုပ်ကိုသာ လက်ဝယ် မလွှတ်ရဘဲ ရေသယ်ခြင်း၊ ချက်ပြုတ်ခြင်း၊ ထင်းဖြတ်ခြင်း၊ အဝတ်လျှော်ခြင်းတို့ကို မပြတ်မလပ် လုပ်ရလေရာ ပိန်ချုံး၍ လာလေ ၏။

ထိုကဲ့သို့ နေရသည့်အထဲတွင် မောင်ဘစောကို တစ်ခါတစ်ခါ သတိရလေ၏။ သတိရသော်လည်း မိမိကို ကယ်ဆယ်ရန် ပေါ်လာ တော့မည်မဟုတ်ကြောင်းကို ကွေးတောကာ မောင်ဘစောကိုလည်း မေ့လျော့ပျောက်ပျက်စွာ သဘောထားရလေ၏။

■

mgyoe.com

mgyoe.com

## အခန်း [ ၈ ]

မှောင်မိုက်သော ညတစ်ည၌ ခင်မေသည် တစ်ယောက်တည်း အိမ်နှင့်ဝေးသောနေရာ ရေသယ်ရန်သွားရလေ၏။ ထိုအခါ ည၉ ၈ နာရီခန့် ရှိသဖြင့် ရေတွင်းမှာ လွန်စွာ တိတ်ဆိတ်လျက် မိုးဦးကျအခါဖြစ်၍ ပြင်းထန်စွာ ဖေ့တိုက်သော လေသံတို့နှင့် သစ်ကိုင်း သစ်ခက်သစ်ရွက်တို့၏ အသံများကိုသာ ကြားရလေ၏။ မိမိ၏ရှေ့၌ ပိတ်ဖုံးကာဆီးသော မှောင်တပ်ကြီးမှာ တစ်တောင် တစ်လံမျှပင် လမ်းကိုမမြင်နိုင်အောင် ရှိလေ၏။ မိမိ၏ အနီး၌ သစ်ကိုင်းသစ်ခက်များကျသော အသံကိုပင် ထိတ်လန့်လျက် လိပ်ပြာငယ်ပြီးလျှင် ပိုးမွှားတိရစ္ဆာန်တို့ သွားလာသော အသံကိုပင် တစ္ဆေသရဲဟု မှတ်ထင်ကာကြက်သီးမွေးညင်းထပြီးလျှင် ခေါင်းနပန်းကြီး၍ နေလေ၏။ ထိုအတွင်း တစ္ဆေသရဲ နာနာဘာဝကို ကြောက်ရသည့်အထဲမှာ မတော်

mgyoe.com

mgyoe.com



တခဆ လူဆိုးသူဆိုးများနှင့် ကြုံတွေ့ရချေက သာလွန်ကြောက်မက်ဖွယ် ကောင်းသော ဆားဒုက္ခနှင့် မုချတွေ့ရချေတော့မည်ကိုလည်း တွေးတော ကာ ကြောက်ရွံ့ရှာလေ၏။ လေများသည်ကား မရပ်မနား ဆက်လက် ၍ တိုက်ကြလေရာ ခင်မေ၏ အူအသည်းမှာ ချမ်းတုံလှိုက်ကြွ ရပ် တည်ရာမရလောက်အောင် အကြောက်ကြီးကြောက်၍ နေလေသ တည်း။

ထိုအခိုက်တွင် မှောင်ထဲ၌ ဝါးတစ်ရိုက်ခန့်ကွာသောနေရာမှ မည်းမည်း မည်းမည်းနှင့် မိမိရှိရာသို့ ကပ်၍လာသော သဏ္ဍာန်တစ်ခု ကို တွေ့ရလေ၏။ ထိုအခါ ကြက်သီးများထလျက် ဦးခေါင်းကြီးကာ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထ၍ လာလေ၏။ မိမိရပ်၍နေသော မြေကြီးသည် မိမိ၏ ခြေဖဝါးအောက်၌ ရွေ့လျား၍ သွားသည်ဟု မှတ်ထင်ရလေ၏။ ထိုသဏ္ဍာန်သည် အပါးသို့ ရောက်၍လာသော အခါ မိမိ၏အနီးတွင် မားမားရပ်၍ နေလေ၏။ ခင်မေသည် ကြောက် အားနှင့် ကြက်သေသေ၍ နေလေရာ "ဟဲ့ ... ဘယ်သူလဲ"ဟု ထိုသဏ္ဍာန်က မေးလိုက်လျှင် ခင်မေသည် စကားပြန်၍မပြောနိုင် ဘဲ နေလေ၏။ ထိုအခိုက် ခင်မေ၏ မျက်နှာတွင် ဝင်းကနဲ လက်၍ လာသော လက်နှိပ်ဓာတ်မီးအရောင်၌ ခင်မေ၏ မျက်နှာသည် အကွင်း သားပေါ်၍ လာလေရာ ခင်မေသည် ကျိန်းသောမျက်လုံးများကို ဖွင့်ချည်မှိတ်ချည် ပြု၍ နေလေ၏။ ထိုအခါ "ခင်မေ ... ခင်မေ ... မင်း ခင်မေ မဟုတ်လား"ဟူသော အသံထွက်ပေါ်၍ လာလေရာ ခင်မေသည် အံ့အားသင့်ကာ သတိရလျက် အသံကို ကျက်မိသော ကြောင့် အားတက်၍သာခိုက်တွင် ၎င်းလူသည် မိမိ၏ ဓာတ်မီးရောင် ဖြင့် မိမိ၏ မျက်နှာကို ပြလေရာ ခင်မေက "အမယ်လေး ... ကိုဘစော၊ ကိုဘစော ရှင် မှောင်ကြီးထဲမှာ ဘယ်ကနေ ရောက်လာတာလဲ"ဟု

mgyoe.com

mgyoe.com


မေးကာ မောင်ဘစောကို တစ်ခါတည်း ထ၍ ဖက်တော့မည်ကဲ့သို့ ပြုပြီးမှ သတိထားကာ မိမိ၏ စိတ်ကို ချုပ်ပြီးလျှင် ရပ်လျက်နေလေ၏။

စော ။ ။ "ခင်မေ ... ငါ့ကို မှတ်မိသလား"

ခင် ။ ။ "ကိုဘစော ... ပြောစမ်းပါ။ ဘယ်တုန်းက ရောက်လာသလဲ။ ကျွန်မဆီကို ဘာပြုလို့ ချက်ချင်းမလာသလဲ"

စော ။ ။ "ငါ ယနေ့ နံနက်ပဲ ရောက်လာတယ်။ မင်းဆီကို လာမယ်လို့ ကြံတော့ ပွဲစားကြီးက မင်းဆီကို ရုတ်တရက် မသွားနဲ့ဦး။ အိမ်ကိုလာအောင် ခေါ်ပေးမယ်လို့ ပြောတယ်။ သည်အတွက် ငါ လျှောက်လည်ရင်း မိုးချုပ်ပြီး သည်လမ်းကို ရောက်လာတယ်"

ခင် ။ ။ "ကိုဘစော ရှင် သွားကတည်းက တစ်ခါမှ မပေါ်လာ၊ စာကိုမှ မရေး။ ကျွန်မ အင်မတန် ဒုက္ခဆင်းရဲ ဖြစ်နေလိမ့်မယ်ဆိုတာ မတွေးမိဘူးလား"

စော ။ ။ "အို ... ဒါတွေကို မပြောပါနဲ့ ခင်မေ။ နောက်တော့ကာ ငါ ပြောပြမယ်။ မင်း အင်မတန် ဆင်းရဲနေတယ်ဆိုတာကို ငါ ကြားရပါပြီ။ သည်အတွက် မင်းကို တစ်ခါတည်း ကယ်ဖို့ လာပါတယ်"

ခင် ။ ။ "ကျွန်မ ဆင်းရဲတာကိုတော့ အခု ရှင် မြင်တဲ့အတိုင်းပါပဲ။ ကျွန်မကို ကိုဘစော ဘာနဲ့ ကယ်မလဲ"

စော ။ ။ "မင်း ... ငါ့နောက်ကို လိုက်ရင် ချမ်းသာမှာပေါ့။ ခင်မေ၏ စိတ်၌ ဝမ်းသာလုံးကြီး လိမ့်၍ ဝင်လာလေ၏။ ပိတ်ဆို့လျက် ရှိသော မှောင်ကြီးသည် လင်းပွင့်ကာ လင်းရောင်ခြည်ပေါ်၍ လာသကဲ့သို့ မှတ်ထင်ရလေ၏။

mgyoe.com

mgyoe.com


ဝမ်းမြောက်ခြင်း၏ မျက်ရည်တို့သည် တဖြိုင်ဖြိုင် စီး ဆင်း၍ ကျလေ၏”

စော ။ ။ “ဘယ်နဲ့လဲ ခင်မေ။ မင်း လိုက်ဝံ့ပါ့မလား”

ခင် ။ ။ “ကျွန်မမှာ ရန်သူများ ရှိပါတယ်။ ရှင့်မှာလည်း ဘေး အန္တရာယ်ဖြစ်ပါလိမ့်မယ်”

စော ။ ။ “အို ... ဒါတွေကို မကြောက်ပါနဲ့။ ငါဟာ မင်းကို ကယ်နိုင်တဲ့လူပါ”

ခင် ။ ။ “ကျွန်မ ကိုဘစောကို ယုံကြည်ပါတယ်။ သို့သော်လည်း အတော်ပင် ခက်လိမ့်မယ်လို့ ထင်ပါတယ်”

စော ။ ။ “မခက်ပါဘူး။ မင်း အခုလိုက်ရင် ငါ အခုချက်ချင်း ခေါ်မယ်”

ခင် ။ ။ “ဖြစ်ပါ့မလား ကိုဘစောရဲ့။ ရှင် တစ်ခါတည်း ကျွန်မကို ရန်ကုန် အရောက်ခေါ်မလား”

စော ။ ။ “ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ၊ မင်း ယခုလိုက် မယ်၊ မလိုက်ဘူးလို့သာ ပြောပါ”

ခင်မေသည် အတန်ကလေးကြာစွာ ဆိတ်စွာနေပြီးမှ “ကိုဘစော ကို ကျွန်မ ယုံကြည်ပါပြီ။ ကျွန်မ၏ ဆင်းရဲဒုက္ခမှ အမှန်ကယ်နိုင်တဲ့ လူဖြစ်ကြောင်းကို ကျွန်မ သိပါတယ်။ ကိုဘစော သဘောပါပဲ”ဟု ပြောလေရာ မောင်ဘစောသည် ခင်မေကို မှောင်ထဲ တွင် တစ်ခါတည်း ပွေ့ယူလေ၏။ နှစ်ယောက်သား အနှောင့်မယှက် မရှိသော ဤနေရာ၌ ကိုယ်နှစ်ကိုယ်သည် တစ်ကိုယ်တည်းဖြစ်ကာ အချစ်တည်းဟူသော ပျားသကာတင်လဲဖြင့် ပြည့်အပ်သော ရတနာမြကျောက်ကန်၌ နှစ်ယောက်သားနစ်မြုပ်ပြီးလျှင် ချစ်၍မဝ ခွာ၍မရ၊ ကြောက်မက် ဖွယ်ကောင်းလှသော မှောင်ကြီးသည် နတ်ပြည်၌ ထွန်းလင်းသော

mgyoe.com

mgyoe.com



အလင်းထက် အဖိုးအနဂ္ဃထိုက်တန်သည်ဟု မိမိတို့၏ စိတ်၌ မှတ်ထင်လေ၏။

အချစ်ကြောင့် စကားမပြောနိုင်ဘဲ အကြာကြီး ဆိတ်ငြိမ်စွာနေပြီးမှ နှစ်ယောက်စလုံး ပြင်းထန်စွာ အသက်ရှူကြလျက် ဤနေရာရေတွင်းအနီးတွင် ထိုင်ကြရင်း ဆက်လက်၍ စကားပြောကြရာတွင် မောင်ဘစောက မိမိ ကင်းတပ်မြို့သို့ ရောက်လာလျှင် ရောက်လာချင်း ပွဲစားကြီး၏ အိမ်သို့ တက်သွားသောအခါ ပွဲစားကြီးနှင့် ပွဲကတော်ကြီးတို့ နှစ်ယောက်စလုံးတို့မှာ မိမိကို မြင်လျှင်မြင်ချင်း ကြီးလှစွာသော ဝမ်းမြောက်ခြင်းကြောင့် ဣန္ဒြေမှ မဆယ်နိုင်ဘဲ လက်ကိုဆွဲကာ မျက်ရည်များ ကျကြသဖြင့် စကားကိုမျှ မပြောနိုင်အောင်ရှိသည့်အကြောင်းများကို ပြောပြလေ၏။

ထိုနောက် ခင်မေခေါ်တဲ့ သူငယ်မကလေးဟာ မင်းကို လွမ်းရှာလွန်းလို့ မကြာခဏ အိမ်ကို လာကြောင်း၊ ယခုမှာ သူ မကြိုက်တဲ့ ဗိုလ်တစ်ယောက်နဲ့ အတင်းပေးစားကြရန် ကြံကြသည့်အတွက် သူငယ်မကလေးက မကြိုက်လို့ နှိပ်စက်ခြင်းများကို ခံနေရသည်ဟု ပွဲကတော်ကြီးက ပြောပြကြောင်းများကို ပြန်၍ ပြောပြလေ၏။ စကားအဆုံး၌ "ခင်မေ မင်း သည်လောက်တောင် ဆင်းဆင်းရဲရဲ ဖြစ်နေတာကို ငါ မသိဘူး" ဟု ပြောပြီး ခင်မေ၏ ကျောကို ပွတ်ကာ အားပေးလေ၏။

မောင်ဘစောသည် ထိုအကြောင်းတို့ကို ခင်မေအား အကုန်အစင်ပြောပြပြီးနောက် "ကိုင်း ... ခင်မေ၊ မင်း ... အခု ပွဲစားကြီး၏ အိမ်ကို ငါနဲ့အတူ မလိုက်ဝံ့ဘူးလား"ဟု မေးလေ၏။

ခင် ။ ။ "သူတို့ လိုက်ရှာလို့တွေ့ရင် ဘယ်နှယ့်လုပ်မလဲ"

စော ။ ။ "သူတို့ လိုက်ရှာလို့ တွေ့ရင် မင်းနဲ့ ငါနဲ့ မင်္ဂလာဆောင်ရမှာပေါ့"

mgyoe.com